

mgyoe.com
SAMPLE BOOK
မြသန်းတင့်
နေထွက်သောည
designed by tin htoon
ပြဇာတ်
mgyoe.com



မြသန်းတင့်

# နေထွက်သောည

ပြဇာတ်

SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

စတုတ္ထ အကြိမ်၊ ၂၀၂၂၊ နိုဝင်ဘာ
[ပထမ အကြိမ်၊ ၁၉၆၃၊ ချိုးဖြူ စာပေ]
[ဒုတိယ အကြိမ်၊ ၁၉၇၃၊ မွန်၊ သင့် စာပေ]
[တတိယ အကြိမ်၊ ၂၀၁၄၊ မွန်၊ ဘဝတက္ကသိုလ် စာပေ]

မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း
တန်ဖိုး | ၅၀၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၂၄၈)၊ ပြည်ဦးဘော ပုံနှိပ်တိုက်
၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ | ဦးနေဝင်း (၀၂၆၄၅)၊ ဘဝတက္ကသိုလ် စာပေ
၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

mgyoe.com

mgyoe.com SAMPLE BOOK

မြသန်းတင့်

# နေထွက်သော ည

(ပြဇာတ်)

mgyoe.com

m g y o e . c o m SAMPLE BOOK

m g y o e . c o m

mgyoe.com SAMPLE BOOK

## ဇာတ်ဆောင်များ

ဦးထွန်းမင်း ။ ။ အသက် ၅၅ နှစ်၊ ကန့်ထရိုက်တာ၊ မြေပိုင်ရှင်၊ ဘောဂရတနာ ဆန်စက် သူဌေး၊ ဝဏ္ဏကျော်ထင် ဘွဲ့ ရသူ။

ဒေါ်မမရီ ။ ။ အသက် ၃၅ နှစ်၊ ဦးထွန်းမင်း၏ ဇနီး။

ကိုကိုအေး ။ ။ အသက် ၂၈ နှစ်၊ ပထမ ဇနီးနှင့် ရသော ဦးထွန်းမင်း၏ သားကြီး။

ကိုကိုထွေး ။ ။ အသက် ၁၇ နှစ်၊ လက်ရှိ ဇနီးနှင့် ရသော ဦးထွန်းမင်း၏ သားငယ်။

ဦးဖိုးလူ ။ ။ အသက် ၄၈ နှစ်၊ ဦးထွန်းမင်း အိမ်အစေခံ။

ဒေါ်အေးကြိုင် (ခေါ်) ဒေါ်လှမေ။ ။ အသက် ၄၇ နှစ်၊ ဦးဖိုးလူ၏ ဇနီး၊ တရားထိုင်နေသူ။

မြဒင် ။ ။ အသက် ၂၇ နှစ်၊ ဆန်စက် အလုပ်သမား၊ ပထမ ယောကျ်ားနှင့် ရသော ဒေါ်လှမေ၏ သားကြီး။

မိချို ။ ။ အသက် ၁၈ နှစ်၊ ဦးထွန်းမင်း အိမ်အစေခံမ၊ ဦးဖိုးလူနှင့် ရသော ဒေါ်လှမေ၏ သမီးငယ်။

အခြား အစေခံများ။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁

မိုးဦးကျ ရာသီ နံနက်ခင်း။ အင်းလျားကန်စောင်းရှိ ဦးထွန်းမင်း၏ တိုက်အိမ်ကြီး အောက်ထပ် ဧည့်ခန်းတွင်း၌ ဖြစ်သည်။ လက်ယာဘက်တွင် စာကြည့်ခန်းသို့ သွားသော တံခါးပေါက်ကြီး တစ်ပေါက် ရှိ၍ လက်ဝဲဘက်တွင် ထမင်းစားခန်းသို့ သွားသော တံခါးပေါက်ကြီး ရှိသည်။ အလယ်တွင် အိမ်ပြင်ဘက် ဝရန်တာသို့ ထွက်သော ဗဟို တံခါးပေါက်ကြီး ရှိသည်။ ခြင် မဝင်နိုင်အောင် သံဆန်ခါ တပ်ထားသော တံခါးရှင်များကို တပ်ထားသည်။ သံဆန်ခါများကြားမှ ပန်းခြံထဲရှိ စိမ်းစိုသော သစ်ကိုင်း သစ်ခက်များကို တစ်ပိုင်း တစ်စ မြင်နေရသည်။ ခြံထဲမှ ငှက်ကလေးများ၏ တစိုးစိုး တစီစီ အော်မြည်သံကိုလည်း ကြားနေရသည်။ စာကြည့်ခန်းဘက်သို့ ကူးသည့် တံခါးပေါက်ကြီး၏ လက်ယာဘက်တွင် ပန်းခက် ချုံနွယ်များ ဖော်ထားသည့် ပရုတ်သား ဗီရိုကြီး တစ်လုံး ရှိသည်။ ဗီရိုပေါ်တွင် စီးကရက်ဘူး၊ မီးခြစ်၊ ယပ်တောင်၊ ရှူဆေးဘူး စသည့် ပစ္စည်း အတိုအစ ကလေးများ ပြန့်ကြဲနေသည်။ ခပ်လှမ်းလှမ်း၌ ကိုယ်လုံးပေါ် မှန်ဗီရိုကြီး ရှိသည်။ မှန်ကို အဝတ် တစ်ထည် အုပ်ထားသည်။ နေရာ မဟုတ်ဘဲ ရောက်နေသော ဓာတ်ပုံဟောင်း တစ်ပုံလည်း ရှိသည်။ ဗီရို၏ လက်ဝဲဘက်တွင် တဖိတ်ဖိတ် တောက်နေသော ကျွန်းသား စားပွဲကြီး တစ်လုံးကို နံရံတွင် ကပ်ထားသည်။ စားပွဲပေါ်တွင် ခေတ်ဆန်သော စားပွဲတင် နာရီ တစ်လုံး တင်ထားသည်။ စားပွဲ အထက် နံရံတွင် ပန်းချီ ဆရာကြီး ဦးငွေကိုင်၏ ဆီဆေး ပန်းချီကား တစ်ချပ်ကို ချိတ်ဆွဲထားသည်။ စားပွဲကြီး၏ ဘေး တစ်ဖက်တစ်ချက်တွင် မတ်တတ် ကျွန်းကုလားထိုင် နှစ်လုံး ချထားသည်။

အပြင်ဘက် ဝရန်တာသို့ ထွက်သော ဗဟို တံခါးမကြီး၏ လက်ဝဲဘက်တွင် နိုင်ငံခြားမှ အလှအပ ပစ္စည်းများ သေသပ်စွာ ခင်းကျင်း ပြထားသည့် မှန်ဗီရို တစ်လုံး ရှိသည်။ မှန်ဗီရို ရှေ့တွင် အရင်းတွင် စပရင် ခံထား၍

mgyoe.com

mgyoe.com SAMPLE BOOK

သားရေ အုပ်ထားသော သုံးချောင်းထောက် ဖုံ တစ်ခု ရှိသည်။ အခန်း၏ လက်ဝဲဘက် ထောင့်တွင် အပြာရောင် သားရေ အုပ်ထားသော ဆိုဖာကြီး များ ရှိ၍ ဆိုဖာပေါ်တွင် ပိုးတွန့်စ ဖုံးထားသည့် မှီအုံးကလေးများ ရှိသည်။ သားရေ ဆိုဖာကြီးများ အလယ်တွင် မှန်ခင်း စားပွဲရှည်ကလေး တစ်လုံး ရှိ၍ စားပွဲပေါ်တွင် ကရမက် ပန်းပွင့်များ ထိုးစိုက်ထားသော ပန်းအိုး တစ်လုံး၊ ငွေ စီးကရက်ဘူး တစ်ဘူးနှင့် ပြာခွက်များ ရှိသည်။

အခန်း၏ လက်ယာဘက် ခပ်ကျကျ အလယ်ကောင်လောက်တွင် ကျွန်း သား ဆက်တီမှ ဖွဲ့ထားသော ကုလားထိုင် နှစ်လုံး။ ကုလားထိုင် နှစ်လုံး အလယ်တွင် ကျွန်းသား စားပွဲဝိုင်း နိမ့်နိမ့် တစ်လုံး ရှိသည်။ ကျွန်းသား စားပွဲ ဝိုင်း နိမ့်နိမ့်ပေါ်တွင် ဆေးပေါ့လိပ် ထည့်သော ယွန်း သေတ္တာ တစ်လုံးနှင့် ယပ်တောင် တစ်ချောင်း ရှိသည်။

ပြတင်းပေါက် ခန်းဆီးများမှာ ပန်းပွင့်များ ဖော်ထားသည့် ခန်းဆီး အသစ် များ ဖြစ်သည်။ စားပွဲ၊ ကုလားထိုင်များမှာလည်း အားလုံး အသစ်ကျပ်ချွတ် ဖြစ်သည်။ ဧည့်ခန်းထဲရှိ အရာ အားလုံး တဖိတ်ဖိတ် တောက်နေကြသည်။

ဧည့်ခန်းထဲတွင် လှောင်ပြီး အိုက်စပ်စပ် ဖြစ်နေသည်။ အပြင်ဘက်၌ မိုးတိမ် မိုးသားများ အုံ့ဆိုင်းလျက် ကောင်းကင်ကြီး တစ်ခုလုံး မှိုင်းနေသည်။ မကြာခင် မိုးသက် ကျကာ ထစ်ချုန်းမည့်ဟန် ပျိုးနေသည်။

ဓာတ်စင် ကန့်လန့်ကာ ဖွင့်လိုက်ချိန်တွင် မိချိုသည် ပရိသတ်ကို ကျော ပေးကာ ကျွန်းသား စားပွဲကြီးနားတွင် ရပ်လိုက်ပြီး ဆေးပုလင်းထဲမှ ဆေး များကို ငှဲ့နေသည်။ တစ်ခါ တစ်ခါတွင် နဖူးတွင် စို့နေသော ချွေးများကို လက်ခုံဖြင့် သုတ်လိုက်သည်။

မိချို၏ အဖေ ဦးဖိုးလူသည် ဆိုဖာကြီးတွေ ရှေ့ရှိ မှန်သား စားပွဲရှည်ပေါ် က ငွေစီးကရက်ဘူးကို ပွတ်တိုက်ကာ နေရာတကျ စီစဉ်နေသည်။

မိချိုမှာ အသက် ဆယ့်ရှစ်နှစ်ခန့် အလှကျက်သရေ ရွှန်းဝေ ဖူးပွင့်စ အရွယ် ဖြစ်သည်။ ပါးကလေးများမှာ နီပြေပြေ အရောင် စို့နေသည်။ လက်ချောင်း ကလေးများမှာ ဖြူဖွေး နုနယ်လျက် ရှိသည်။ အရပ်အမောင်း သွယ်သွယ်၊ ရင် ချီ၍ တင်ပါးများမှာ လုံးကျစ် ကားစွင့်နေကြသည်။ လမ်းလျှောက်သည့် အခါ တွင် အင်္ကျီ လက်ပြတ် အောက်မှ သူ၏ မို့မောက် လုံးကြွနေသော ရင်သားများ လှုပ်ရှားနေသည်ကို အတိုင်းသား မြင်နေရသည်။ သူ ဝတ်ထားသည့် ပိုးပျော့ အင်္ကျီ လက်ပြတ်နှင့် ဗမာဖြစ် လုံချည်ကလေးမှာ တစ်ပတ်နွမ်းများပင် ဖြစ်

mgyoe.com

mgyoe.com
SAMPLE BOOK

ကြသော်လည်း ဖြူစင် သန့်ရှင်းလျက် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ ဆန်စက် သူဌေး ဦးထွန်းမင်း၏ ထို အိမ်ကြီးတွင် နှစ်နှစ်ကြာမျှ အလုပ် လုပ်ခဲ့ပြီ ဖြစ်၍ မိချို၏ အပြောအဆို၊ အမူအရာ၊ အနေအထိုင်တို့မှာ ပြေပြစ်ယဉ်ကျေးလျက် ရှိသည်။ ရှည်လျားသော မျက်တောင်ကော့ကြီးများ အောက်မှ မျက်လုံးကြီးများကလည်း တောက်ပ ရီဝေလျက် ရှိကြသည်။ အိထွေးသော သူ့ နှုတ်ခမ်းများသည် သဘာဝ အတိုင်း နီရဲ ရွှန်းစိုနေကြသည်။ မိချို ပြုံးလိုက်လျှင် ဖြူဖွေး ညီညာသော သွားများနှင့် ပါးပေါ်က ပါးချိုင့်ကလေးများ ပေါ်လာတတ်ကြသည်။ မိချို၏ မျက်နှာသည် ရိုးသားခြင်းနှင့် ကျက်သရေ ရှိခြင်းကို တစ်ပြိုင်တည်း တွေ့ရသော မျက်နှာမျိုး ဖြစ်သည်။ အသားမှာ သိပ်မဖြူလှသော်လည်း စိုဝင်းနေသည်။ နှာသီးဖျားတွင် ချွေးကလေးတွေ မကြာခဏ စို့လာသဖြင့် မိချိုသည် ခါးကြားထဲက လက်ကိုင်ပဝါ အနွမ်းကလေးကို ထုတ်၍ မကြာခဏ သုတ်တတ်သည်။

မိချိုသည် သူ၏ အလှကို သူ့ဘာသာသူ ထိန်းသိမ်းသူ ဖြစ်သည်။ သူ၏ အလှကို ကျက်သရေ ရှိသော အပြုံးကလေးဖြင့်လည်း သရဖူ ဆောင်းပေးတတ်သူ ဖြစ်သည်။ သို့ရာတွင် ယခု အချိန်၌ မိချိုသည် ပြုံးရယ်ခြင်း မရှိ၊ ကြည်လင်ခြင်း မရှိ၊ မျက်မှောင်ကလေး ကုတ်ကာ ခပ်တွေတွေကလေး ဖြစ်နေသည်။

သူ့ အဖေ ဦးဖိုးလူမှာ အသက် လေးဆယ်ကျော် ငါးဆယ် နီးပါး၊ ကောက်ကျစ်သော ရုပ်လက္ခဏာ ရှိသည်။ သူ၏ ထူထဲသော မျက်ခုံးမွေးကြီးများနှင့် အောက်သို့ တွဲကျနေသော မျက်လုံးအိမ်ကြီးများသည် လည်းကောင်း၊ ပွရောင်းသော နှာခေါင်းနှင့် ထူအမ်းသော နှုတ်ခမ်းများသည် လည်းကောင်း သေသောက်ကြူးသူနှင့် ကာမဂုဏ် ကြူးသူ ဖြစ်ကြောင်းကို ဖော်ပြနေကြသည်။

ဦးဖိုးလူ၏ ကိုယ်ခန္ဓာသည် ပွရောင်းရောင်း ဖြစ်သည်။ မျက်နှာ အစ်အစ်ကြီးသည် အကြော အခြင် မရှိသလို ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း စသည့် ဝေဒနာတို့ကို ဖော်ပြခြင်း မရှိ။ သို့ရာတွင် အစေခံ တစ်ယောက် အနေဖြင့်ကား များစွာ ကျိုးနွံသူ ဖြစ်သည်။ အနည်းငယ် ခါးကိုင်းနေသဖြင့် သူ့ အမူအရာသည် အမြဲတမ်း 'မှန်ပါ့ ဘုရား' လုပ်တော့မည့် ဟန်မျိုး ပေါ်နေသည်။

လောဘကြီးခြင်း၊ ကောက်ကျစ် စဉ်းလဲခြင်း စသည်တို့သည် သူ၏ ဝံပုလွေ မျက်လုံးများထဲတွင် အမြဲ ပေါ်နေသည်။

သူသည် ဟန်ကျပန်ကျ ဝတ်စားထားသော်လည်း သူ့ အဝတ်အစားများမှာ သန့်ရှင်း သပ်ရပ်ခြင်း မရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

ကန့်လန့်ကာ ဖွင့်သည့် အချိန်တွင် ဦးဖိုးလူသည် စားပွဲပေါ်က ငွေစီးကရက်ဘူးကို တိုက်နေသည်။ ခပ်လှမ်းလှမ်း ကြမ်းပြင်ပေါ်တွင် မကြာမီက သူ တိုက်ထားသော ရွှေဖိနပ် အညို တစ်ရန် ရှိ၍ ခပ်လှမ်းလှမ်း ကြမ်းပြင်ပေါ်တွင် ချထားလိုက်သည်။ မကြာခဏပင် ဦးဖိုးလူသည် နဖူးတွင် စို့နေသော ချွေးများကို ပုဆိုး ခါးပုံစဖြင့် သုတ်နေသည်။

ဦးဖိုးလူ ။ ။ မိချို။

မိချိုသည် မကြားဟန် ပြုကာ ဆေးခွက်ကို ဖွန်းဖြင့် မွှေနေသည်။

ဦးဖိုးလူ ။ ။ မိချို။

မိချို ။ ။ မိုးကလည်းတော်၊ ရွာမှာဖြင့် ရွာတာ မဟုတ်ဘူး၊ အိုက်စပ်စပ်နှင့်။

မိချိုသည် သူ့ အဖေကို တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် ပရုတ် ဗီရိုကြီးပေါ်မှ မြက် ယပ်တောင်ကို ကောက်၍ ယပ် ခတ်နေသည်။

ဦးဖိုးလူ ။ ။ ဟဲ့ မိချို၊ ငါ ခေါ်တာ မကြားဘူးလား။

မိချို ။ ။ ဘာလဲ အဖေရဲ့၊ တစ်ခေါ်တည်း ခေါ်နေတာပဲ၊ ဘာမှန်းလဲ မသိဘူး။

ဦးဖိုးလူ ။ ။ ငါ ခေါ်တာ ကြားရဲ့လားလို့ မေးနေတယ်။

မိချို ။ ။ ကြားပါတယ်၊ ဘာလဲ။

ဦးဖိုးလူ ။ ။ နင်နှင့် စကား ပြောရတာ သိပ် လေကုန်တာပဲ။

ဦးဖိုးလူသည် သမီး မိချိုနှင့် စကား ပြောတိုင်း မိချိုက မကြားနိုးနိုး လုပ်တတ်လွန်းသဖြင့် ရိုးနေဟန် တူသည်။

မိချို ။ ။ (ဦးဖိုးလူကို လှမ်းကြည့်၍ တဖျတ်ဖျတ် ယပ်ခတ်ရင်း) အဖေဟာ သိပ် စကား များတာပဲ၊ ဖူး ပူလိုက်တာ၊ ဒီလို ပူပုံ အိုက်ပုံမျိုးနှင့်တော့ မိုး သဲသဲကြီး ရွာချတော့မှာပဲ၊ သိပ် မကြာတော့ဘူး၊ (ရုတ်တရက် သတိရဟန်ဖြင့်) ဪ အဖေ၊ တော်တော်ကြာ ဖေဖေကြီး အပြင် သွားမလို့နော်၊ သူ့ ဖိနပ် တိုက်ပြီးပြီလား၊ (မိချို ကြမ်းပြင်ပေါ်တွင် ချထားသော ဖိနပ်ကို ကောက်ယူ ကြည့်ပြီး မကျေနပ်ဟန်ဖြင့်) ဒါ ဖိနပ် တိုက်ထားတာ ဟုတ်လား၊ အဖေဟာ သိပ် ကရော်ကမည် လုပ်တာပဲ၊ တော်တော်ကြာ ဖေဖေကြီးက ဆူလိမ့်ဦးမယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဦးဖိုးလူ ။ ။ (မိချို လက်မှ ဖိနပ်ကို ဆွဲယူလိုက်သည်။) ဒါ နင့် အလုပ် မဟုတ်ပါဘူး၊ နင့် အလုပ် နင် လုပ်ပါ၊ ဒီမှာ မိချို၊ ငါ ပြောတာ နားထောင်စမ်း၊ ဒီနေ့ နင့် အမေ လာရင် နင့် အဝတ်အစားသစ်တွေ ယူပြီး နင့် အမေကို ထုတ်ပြဖို့ မမေ့နှင့်နော်။

မိချို ။ ။ (မဲ့ရွဲ့ရင်း) အမလေးတော် ထူးထူးဆန်းဆန်း။

ဦးဖိုးလူ ။ ။ နင့် အမေနှင့် ငါ နင့်ကို ဘယ်သူက ကောင်းကောင်းမွန်မွန် လူနှင့် သူနှင့် တူအောင် ထားနိုင်သလဲ ဆိုတာ နင့် အမေ သိသွားပေ့စေ။

မိချို ။ ။ အဖေက ထားနိုင်တယ်လို့ ဆိုချင်သပေါ့လေ။

ဦးဖိုးလူ ။ ။ ပြီးတော့ ဒီ အိမ်မှာ ဘယ်လို ကောင်းကောင်းမွန်မွန် နေရတယ် ဆိုတာကိုလည်း နင့် အမေကို သေသေချာချာ ပြောပြ၊ သိရဲ့လား၊ ကောင်းကောင်း စားရတယ်၊ ကောင်းကောင်း နေရတယ်၊ အလုပ် သက်သာတယ်၊ နေ့လယ်မှာ နင့် အစ်မနှင့် နင့် အစ်ကိုတွေ အတွက် လက်တိုလက်တောင်းလောက် လုပ်ပေးရတယ်။

မိချို ။ ။ ဒါတွေကို အမေ့ ပြောပြဖို့ မိချို သင်နေစရာ မလိုပါဘူး အဖေရယ်၊ အမေ ကိုယ်နှိုက်က မနေပါဘူး၊ မေးမှာပါ။

ဦးဖိုးလူ ။ ။ ပြီးတော့ ပိုက်ဆံ ကိစ္စရော၊ နင့်မှာ ခု စုထားတာ တော်တော် များနေပြီ မဟုတ်လား၊ ဟဲ ဟဲ။ (ဦးဖိုးလူ မျက်နှာချို သွေး၍ ရယ်သည်။)

မိချို ။ ။ ဘယ်က ပိုက်ဆံလဲ အဖေ။

ဦးဖိုးလူ ။ ။ နင့်မှာ နှစ်နှစ်စာ စုထားတာရယ်၊ ဟိုက ပေး ဒီက ပေး ရတာလေးတွေရယ်၊ ပြီးတော့ ..။

မိချို ။ ။ (စကား ဖြတ်၍) အဖေ၊ အဖေဟာ မိချိုမှာ ရှိတဲ့ ပိုက်ဆံကလေးတွေကိုပဲ နှိုက်ယူနေတာပဲနော်၊ တစ်ခါယူ တစ်ကျပ် နှစ်ကျပ်နှင့် များလှပြီ အဖေ၊ ပြီးတော့ အဖေ့မှာ အရက်သောက်၊ ဖဲရိုက်နှင့် ကုန်တာပဲ။

ဦးဖိုးလူ ။ ။ နင်ဟာ ဒီလိုချည်းပဲ မိချို၊ နင် ဒီလို အလုပ် လုပ်ရပြီး ပိုက်ဆံတွေ စုထားတော့ ဘာ အလုပ် လုပ်ရကျိုး နပ်မှာလဲ၊ ထားပါတော့လေ၊ ခု ငါက နင့် ပိုက်ဆံ လိုချင်လို့ ပြောနေတာ

mgyoe.com

mgyoe.com
SAMPLE BOOK

မဟုတ်ပါဘူး၊ ငါ ပြောတာက ခု နင့်ကို၊ နင့်ကို (အသံ ခပ်တိုးတိုးဖြင့်) သူက ပိုက်ဆံ ပေးသေးသလားလို့ မေးတာပါ။

မိချို ။ ။ (အံ့အားသင့်စွာနှင့်) သူ ‥ ဘယ်သူလဲ။

ဦးဖိုးလူ ။ ။ နင့် ကိုကိုအေးလေ။

မိချို ။ ။ (ရှက်သွေး ဖြာလျက်) အို ဘာတွေ လျှောက်ပြောနေတာလဲ အဖေ၊ ကိုကိုအေးက မိချိုကို ပိုက်ဆံ ပေးတယ် ဟုတ်လား၊ အဖေ ဒီလို တွေ့ကရာတွေ မပြောပါနှင့် အဖေရယ်၊ လူကြား မကောင်းပါဘူး။

ဦးဖိုးလူ ။ ။ ကဲပါဗျာ၊ မပေးဘူးဘဲ ထားပါတော့၊ ပေးပေး မပေးပေး ဒီမှာ အလုပ် လုပ်တဲ့ နှစ်နှစ် အတွင်း ပိုက်ဆံတော့ တော်တော် စုမိပြီ မဟုတ်လား၊ ဒီလောက်လည်း ကွယ်မနေပါနှင့် မိချို ရယ်၊ နင့် ပိုက်ဆံ ငါ လိုချင်လို့ ပြောနေတာ မဟုတ်ပါဘူး၊ ငါက နင် စုထားတဲ့ ပိုက်ဆံကလေးများကို နင့် အမေ ပြရင် နင့် အမေ ဘယ်လောက် ဝမ်းသာလိုက်မလဲလို့ ပြောတာပါ၊ ဒီ ပိုက်ဆံ မြင်တော့မှ နင့် အမေလည်း မျက်စိ ပွင့်လာတော့ မှာပဲ။

မိချို ။ ။ ဟင့်အင်း၊ အမေက အဖေ့လို ပိုက်ဆံ မမက်ပါ့ဘူး၊ အဖေက သာ ပိုက်ဆံ မြင်ရင် ငမ်းငမ်းတက် ဖြစ်နေတာ။

မိချို စားပွဲဆီသို့ ပြန်သွား၍ ဆေးခွက်ကို မွှေနေသည်။

ဦးဖိုးလူ ။ ။ (ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်ပြီး) ငမ်းငမ်းတက်တာ မတက် တာတွေ ပြောမနေပါနှင့်လေ၊ နင် ခုလို ကောင်းကောင်းမွန်မွန် နေနိုင်တာ ငါ့ကြောင့် မဟုတ်လား၊ ငါသာ မရှိရင် ခုဆို နင် ဘယ်ရောက်နေမလဲ မသိဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဒီ အိမ်ကို လာ အလုပ် မလုပ်ဘဲ နင့် အမေ ပြောသလိုသာ လုပ် ရင် နင် ဒီအချိန် ပြာပုံ ဝပ်နေရပြီ၊ ခုလို ကောင်းကောင်းမွန် မွန် ဘယ်နေရမလဲ၊ ဒီလို ပိုး အင်္ကျီမျိုး ဆိုရင် အသားနှင့် တောင် ထိရမှာ မဟုတ်ဘူး။

မိချို ။ ။ ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အမေ့မှာ သူ့ စိတ်ကူးနှင့် သူ ရှိတယ် အဖေ၊ အမေဟာ စာလေး ဘာလေး ရေးတတ် ဖတ် တတ်တယ်၊ သူ့သမီးကို ခုလို သူများ အိမ်မှာ စေသည့် ကျွန်

mgyoe.com

mgyoe.com
SAMPLE BOOK

ထွန်သည့် နွား ဘဝ ရောက်နေတာကို ဘယ် ကြည့်ရက်မလဲ၊ အမေ့မှာ မာန ရှိတယ် အဖေ။

ဦးဖိုးလူ ။ ။ ဘာ မာနလဲ၊ ဒီ မာနကြောင့် သူ ဒီလို နေရတာ၊ နေပါဦး မိချို၊ နင်ကရော နင့်ကိုယ်နင် သူဌေးသမီးများ အောက်မေ့နေသလား ဟင်၊ အစေခံ သမီးဗျ အစေခံ သမီး၊ သိရဲ့လား၊ အစေခံ သမီးက အစေခံ လုပ်ရမှာ ရှက်တော်မူနေရသေးတယ်၊ ထွီ ..။

မိချို ။ ။ (စက်ဆုပ်စွာဖြင့်) ကိုယ့် မျက်နှာ ကိုယ် ပြန်ကြည့်ပါဦး အဖေ၊ ဒီလို မပြောပါနှင့်။

ဦးဖိုးလူ ။ ။ မာနတဲ့ ရယ်ချင်သကွာ၊ ဟင်း ဟင်း ဒီလိုသာ ကိုယ့်ကိုယ်ကိုယ် ဘဝင် မြင့်ပြီး ဆန် မရှိဘဲ အစားကြီး နေရင် နင်လည်း နင့် အမေလို ဆင်းရဲ မွဲတေနေမှာပဲ၊ နင့် အမေ ကြည့်စမ်းပါဦး၊ လူနင့်များ တူသေးရဲ့လား၊ အင်း နိဗ္ဗာန် သွားပြီး ယောဂီဝတ်သတဲ့၊ ဒါ သူ့ စိတ်ကူးပေါ့လေ၊ စာတွေ ပေတွေကလည်း သိပ်တတ်။

မိချို ။ ။ (ဒေါသကို ချုပ်တည်းလျက်) တော်ပါတော့ အဖေရယ်၊ ဒီအကြောင်း အိမ် ပြန်ရောက်မှ ပြောပါ၊ ကိုယ့်အိမ် မဟုတ်ဘူး ဆိုတာလည်း သတိထားပါဦး၊ တွေ့ကရာတွေ ပြောမနေပါနှင့်။

ဦးဖိုးလူ ။ ။ ကိုယ့် သမီးနှင့် ကိုယ် နှစ်ယောက်တည်း ရှိလို့ အိမ်တွင်းရေး ကိစ္စ ပြောတာပေါ့ဟ၊ မပြောရတော့ဘူးလား၊ ငါ ပြောရဦးမယ်၊ နားထောင်ဦး၊ နင့် အမေဟာလေ ..။

မိချို ။ ။ (ရုတ်တရက် စကား ဖြတ်၍) နေဦး အဖေ၊ အဖေ့ကို အရင် မိချို ပြောစရာ ရှိတယ်၊ အမေဟာ တစ်နှစ် နေလို့ တစ်ခေါက် ဒီကို လာနိုင်တာ မဟုတ်ပါဘူး၊ လာရင်လည်း အဖေ့ တွေ့ဖို့ထက် မိချိုနှင့် အစ်ကို မြဒင်ကို တွေ့ဖို့ လာတာ ဖြစ်မှာပဲ၊ အဖေ ဒီလိုသာ အမေ့ကို အပြစ် ဆိုနေရင် ဒီ နှစ်နှစ် အတွင်း အဖေ ဖြစ်ပျက်နေပုံတွေကို မိချို အစ်ကို မြဒင်ကို ပြန်ပြောလိုက်မယ် သိလား။

ဦးဖိုးလူ ။ ။ ဘုရားရေ၊ ငါက ဘာတွေများ လုပ်နေလို့လဲ၊ တစ်ခါတလေ အရက် သောက်တာ ကလေးရယ်၊ ဖဲ အပျင်းပြေ ကစားတာ

mgyoe.com

mgyoe.com
SAMPLE BOOK

လေးရယ်၊ ဟိုဘက် ခြံက ကောင်မလေးတွေနှင့် နောက်တာ ပြောင်တာကလေးရယ်၊ ဒါပဲ ရှိတယ်၊ ငါလည်း အသက် ငါး ဆယ် နီးနေပါပြီဟာ၊ ဒါတွေ သိပ် စိတ်မကူးတော့ပါဘူး။

ဦးဖိုးလူသည် အဖေ တစ်ယောက် အနေဖြင့် အရှိအသေ တန်တော့မည် ကိုမူ စိုးရိမ်ဟန် တူသည်။

မိချို ။ ။ အို မိချိုက ဒါတွေ ပြောတာ မဟုတ်ပါဘူး၊ ဆန်စက်မှာ လုပ်ရင်း အစ်ကို မြဒင်ဟာ အမေ့ အတွက် ဆိုပြီး ပို့တဲ့ ပိုက်ဆံတွေ ဘယ်ရောက်ကုန်ပြီလဲ၊ အဖေ ဘာလုပ်ပစ်သလဲ၊ အမေ့ဖို့ ပို့သမျှ ပိုက်ဆံတွေဟာ အဖေ သောက်စား ဖဲကစား ပစ်တာနှင့် ကုန်တာ မဟုတ်ဘူးလား၊ အစ်ကို မြဒင်များ သိ ရင် ‥။

ဦးဖိုးလူ ။ ။ အံမယ်၊ သိတော့ကော ဘာဖြစ်မှာလဲ (အော်၍) ဟေ့၊ သူ့ အမေကို ငါ ယူထားတာဟာ သိရဲ့လား၊ ဒါကြောင့်မို့ ငါဟာ သူ့ အမေရဲ့ ယောကျ်ား၊ ငါဟာ သူ့ရဲ့ အဖေ။

မိချို ။ ။ အား သိပ် မအော်ပါနှင့် အဖေရယ်၊ တိုးတိုး ပြောပါ။

ဦးဖိုးလူ ။ ။ အင်း သိတော့ကော အရေး လုပ်လို့၊ နေဦး နင့်ကို ငါ ပြော ရဦးမယ်၊ နားထောင်ဦး၊ ငါဟာ နင့် အမေ ယူမိတာ လောက မှာ ငါ့လောက် မယားကံ ဆိုးတဲ့လူ ရှိမယ် မထင်ဘူး၊ တစ်ခါ တလေများ နင့်အမေလို မိန်းမကိုမှ ယူမိလေခြင်းလို့ နောင် တ ရမိတယ်၊ ငါ့လို လူဟာ နင့် အမေနှင့် ရတာ ကံဆိုး မိုး မှောင် ကျတာပဲ၊ ငါကသာ နင်တို့ကို လူလား မြောက်အောင် လူရာ ဝင်အောင် လုပ်ပေးခဲ့တာချည်း မဟုတ်ဘူးလား၊ ငါ ဒီအိမ် ရောက်လို့ နှစ်လလောက် ကြာတော့ နင့်ကိုပါ ဒီအိမ် မှာ အလုပ် ရအောင် သွင်းပေးတယ်၊ နင့်တင် မကဘူး နင့် အစ်ကို မြဒင်ကိုလည်း အလုပ် ရအောင် ငါပဲ ပြောပေးခဲ့ တယ်၊ ငါသာ ပြောမပေးရင် နင့်အစ်ကို မြဒင်ဟာ သူဌေးရဲ့ ဆန်စက်မှာ အလုပ် ရဖို့ ဝေးလို့ အနားတောင် သီရမှာ မဟုတ်ဘူး၊ နင့် အမေဟာ နင်တို့ မောင်နှမ နှစ်ယောက် အတွက် ဘာများ ဖြစ်ဖြစ်မြောက်မြောက် လုပ်ပေးခဲ့ဖူးသလဲ၊ ကြည့်စမ်းပါဦးဗျာ၊ ခုတော့ ကျေးဇူး မတင်တဲ့ အပြင် သား

mgyoe.com

mgyoe.com SAMPLE BOOK

နှင့် အမေ နှစ်ယောက်စလုံး ဒီက ကောင်ကို အကောင်း တစ်စက်မှ မပြောဘူး၊ ဒီ တစ်ခေါက် လာလို့ ငါ့အပေါ်မှာ တင်တင် စီးစီး လုပ်ရင် ဒီ တစ်ခါတော့ မခံတော့ဘူး၊ တစ်ခါတည်း ကွာပစ်လိုက်မယ်၊ မြဒင် မကလို့ ဘယ်သူပဲ ရှိရှိ ဂရုမစိုက်ဘူး၊ အင်း ဒီအထဲမှာ အဖေ ခေါ်စရာ မရှိတဲ့ အကောင်ကလည်း ကန့်လန့် ကန့်လန့်နှင့် ပါလိုက်သေးတယ်။

မိချို ။ ။ အဖေရယ် တော်ပါတော့။

ဦးဖိုးလူ ။ ။ အဖေ ခေါ်စရာ မရှိတဲ့ ကောင်ကများ ငါ့ကို ဟင်း။

မိချို ။ ။ အဖေ၊ အစ်ကို မြဒင်ကို ဒီလို မပြောပါနှင့် အဖေ၊ အဖေ့ကို သူ ဘာလုပ်လို့လဲ။

ဦးဖိုးလူ ။ ။ ဘာလုပ်ရမလဲ၊ ငါ့ကို မခန့်လေးစား၊ မခေါ်ချင်သလို မပြောချင်သလို၊ တော်တော်ကြာ စစ်ထဲ ဝင်မလိုလို၊ ခုပဲ ဆိုက်ကားနင်းတော့ မလိုလို၊ ခုပဲ မက္ကင်းနစ် လုပ်မလိုလို တွေ့ကရာတွေ ပြောပြီး ဘယ် အလုပ်ကိုမှလည်း ဟုတ်တိပတ်တိ မလုပ်ဘူး၊ ငါက သနားလို့ ဆန်စက်ထဲ အလုပ် ရအောင် ပြောပေးတော့လည်း စက်ထဲ ရောက်ပြီး မကြာခင် သူက ခေါင်းဆောင်ပြီး သပိတ် မှောက်သတဲ့၊ ပြီးတော့ ဖိုမင်နှင့် ရန်ဖြစ်ပြီး ဖိုမင်ကို ဝိုင်း ရိုက်ကြသတဲ့၊ ဘာ အသုံးကျသလဲ။

မိချို ။ ။ (တွေ၍) မိချို ကြားတာကတော့ ဒီလို မဟုတ်ပါဘူး အဖေရယ်၊ ဖေဖေကြီးက ပုလိပ်ကို ခေါ်လို့ ပုလိပ်က သပိတ်မှောက်မယ့် လူတွေကို သေနတ်နှင့် ပစ်လို့ ရုန်းရင်းဆန်ခတ် ဖြစ်တာလို့ ပြောပါတယ်။

ဦးဖိုးလူ ။ ။ ဘာလိုကြောင့် ဖြစ်ဖြစ် ဒီကောင်ဟာ နည်းနည်းမှ သောက်သုံး မကျဘူး၊ သူ့ ပိုက်ဆံ ယူပြီး သူ ခိုင်းတာကို လုပ်ရမယ်ဆိုတာလောက်တော့ သိဖို့ ကောင်းတယ်၊ ခုတော့ မဟုတ်ပေါင်၊ သူ လုပ်ချင်ရာ လုပ်ပြီး မဟန်တော့ ဆရာကြီးဆီ တောင်းပန် ပေးဖို့ ငါ့ကို လာပြီး သက်သက် ဒုက္ခ ပေးတယ်။

မိချို ။ ။ အဖေ့ကို တောင်းပန် ခိုင်းမလို့ မဟုတ်ပါဘူး အဖေ၊ မိချို ကြားတာတော့ ဖေဖေကြီးကို သူ ကိုယ်တိုင် လာတွေ့မယ်လို့ ကြားတာပဲ။

mgyoe.com SAMPLE BOOK

ဦးဖိုးလူ ။ ။ (ကြွားဝါဟန်ဖြင့်) ဟ သူကိုယ်တိုင် တွေ့မယ် ဆိုပေမဲ့ ငါက သူ့ အဖေဟ၊ သူ တစ်ယောက်တည်း လွှတ်လို့ ဖြစ်မလား၊ ငါပါ လိုက်ပြောရမှာပေါ့၊ ငါကတော့ ဒီအတိုင်း ကြည့်နေလို့ ကောင်းမှာတဲ့လား။

မိချို ။ ။ (သူ့ အဖေကို စိတ်ပျက်လက်ပျက် ကြည့်၍ သက်ပြင်း ချလိုက်သည်။) ကဲ နောက်မှ ပြောကြစို့ အဖေ၊ မိချို မမရီကို ဆေး သွားတိုက်စရာ ရှိသေးတယ်။

မိချို ဆေးပန်းကန်ကို ယူ၍ ထမင်းစားခန်းဘက်သို့ လျှောက်သွားသည်။

ဦးဖိုးလူ ။ ။ မိချို ခဏနေဦး၊ ငါ ပြောစရာ ရှိသေးတယ်။

မိချို ။ ။ (စကား ဖြတ်လိုဟန်ဖြင့်) နေဦး အဖေရဲ့၊ တော်တော်ကြာ ထမင်းပွဲ ပြင်တော့မယ်၊ ဖေဖေကြီးဖို့ လက်ဖက်ရည်ကြမ်း တည်ပြီးပြီလား။

ဦးဖိုးလူ ။ ။ ဒါ ငါ့ အလုပ် မဟုတ်ဘူး၊ မီးဖိုခန်းထဲက ကောင်မလေးတွေ လုပ်လိမ့်မယ်။

မိချို ။ ။ ဒါဖြင့် ပြီးရော ပြီးရော၊ မိချို မမရီကို ဆေး သွားတိုက်ချည် ဦးမယ်။

ဦးဖိုးလူ ။ ။ (မိချို ရှေ့မှ ထရပ်၍ တားထားလိုက်ရင်း) နေစမ်းပါဦး၊ ဘာဖြစ်လို့ ဒီလောက် လောနေရတာလဲ မိချို၊ နင့်ကို ငါ စကား တစ်ခွန်း ပြောစရာ ရှိသေးတယ်။

မိချို ။ ။ ဘာပြောမှာလဲ။

ဦးဖိုးလူ ။ ။ မနေ့က ကိုကိုအေး မွေးနေ့ မဟုတ်လား၊ ကိုကိုအေးက မနေ့က ငါ့ကို ငွေ ငါးကျပ် ပေးတယ်။

မိချို ။ ။ အဖေ ပွတာပေါ့၊ မိချိုသာ ကိုကိုအေး ဆိုရင် အဖေ့ကို တစ်ပြားမှ မပေးဘူး။

ဦးဖိုးလူ ။ ။ (အရှက် မရှိ ရယ်လျက်) နင် ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဒီ ငွေ ငါးကျပ်နှင့် ငါ ဘာသွား လုပ်မလဲ၊ ကြွေး ဆပ်လိုက်ရလို့ မနေ့ကတည်းက ကုန်ပြီ၊ ခု ငါ့မှာ တစ်ပြားမှ မရှိတော့ဘူး။

မိချို ။ ။ (ခပ်တည်တည်ဖြင့်) ဒါဖြင့် အစ်ကို မြဒင် လာရင် အစ်ကို မြဒင်ဆီက တောင်းပေါ့။



mgyoe.com

mgyoe.com SAMPLE BOOK

ဦးဖိုးလူ ။ ။ ဒီလို မလုပ်ပါနှင့် သမီးရယ်၊ အဖေ ချေးရင် ဘယ်တုန်းက ပြန်မပေးဘဲ ထားဖူးလို့လဲ၊ သမီးမှာ ပိုက်ဆံ ရှိတယ် မဟုတ်လား၊ အဖေ့ကို တစ်ဆယ်လောက် ချေးစမ်းပါနော် သမီး။

မိချို ။ ။ မိချိုမှာ တစ်ပြားမှ မရှိဘူး၊ (ခေတ္တ စဉ်းစားပြီးမှ) မနေ့က ရတဲ့ ငါးကျပ်ကို တကယ် အကြွေး ဆပ်လိုက်ပြီလား။

ဦးဖိုးလူ ။ ။ ဟကယ်ပါ သမီးရဲ့၊ ကိုယ့် သမီး ကိုယ် ညာပြောနေပါမလား သမီးရယ်၊ (သနားစဖွယ် လေပျော့ကလေးဖြင့် ပြောသည်။) အဖေ အကြွေး တင်တာလည်း အဖေ ဒီလောက် ဟော့ဟော့ ရမ်းရမ်း သုံးလို့ မဟုတ်ပါဘူး သမီးရယ်၊ မနေ့က ကိုကိုအေး က ပေးတဲ့ ငွေလေး ငါးကျပ်က အကြွေး မဆပ်လောက်ဘူး မဟုတ်လား သမီးရဲ့၊ ဒီတော့ အဖေလည်း အကြွေး ဆပ်လောက် အောင် ဆိုပြီး သွား ကစားလိုက်မိတာပေါ့၊ ရှုံးမှန်း သိရင် တော့လည်း ဘယ် ကစားမလဲ၊ အကြွေးက ဆပ်ချင်လွန်းလို့ နိုင်လို နိုင်ငြား ဆိုပြီး ကစားလိုက်တာပဲ၊ (မိချို သူ့ အဖေကို တင်းမာစွာ ကြည့်နေသည်။) တကယ်ပါ သမီးရယ်၊ ဘုရား စူးရပါစေရဲ့။

မိချို ။ ။ မိချိုလည်း တကယ် ပြောတာပါ အဖေ၊ မိချို လက်ထဲမှာ တစ်ပြားမှ မရှိဘူး။

ဆေးပန်းကန်ကို ကိုင်၍ ထွက်သွားမည် ပြုသည်။

ဦးဖိုးလူ ။ ။ (အထိတ်တလန့်ဖြင့်) ဒီလို မလုပ်ပါနှင့် သမီးရယ်၊ သမီး ဟာ အဖေ့ သမီး အရင်း ခေါက်ခေါက်ကြီးပါ။

မိချို ။ ။ အဖေ့ သမီးတော့ အဖေ့ သမီးပါပဲ၊ ဒါပေမဲ့ အဖေ့ရဲ့ ဖဲကြွေး အတွက်ကို အမြဲ လိုက်ဆပ်နေရရင် မခက်ဘူးလား၊ မလွန် လွန်းဘူးလား။

ဦးဖိုးလူ ။ ။ (သနားစဖွယ် မျက်နှာငယ်လေးဖြင့်) သမီးလေးရယ် အဖေ့ အပေါ်မှာ ဒီလောက် မစိမ်းကားပါနှင့်၊ သမီး အမေက သမီး ကို ချစ်တာက ပါးစပ်ကတင် ချစ်တာပါ၊ တကယ်ကျတော့ အဖေကသာ သမီးလေးကို အစစအရာရာ ပြုစု စောင့်ရှောက် ခဲ့တာပါ၊ သမီး အတွက် အစစအရာရာ ပူပင် သောက ရောက် ခဲ့ရတာပါ။


mgyoe.com

mgyoe.com SAMPLE BOOK

မိချို ။ ။ (ဦးဖိုးလှု၏ အနှောင့် အသွား မလွတ်သော စကားကို ရိပ်စား မိကာ) မိချို အတွက် အဖေ့မှာ ဘယ်လိုများ ပူပင် သောက ရောက်စရာ ရှိလို့လဲ အဖေ။

ဦးဖိုးလှု ။ ။ (ဘေး ပတ်ဝန်းကျင်ကို ဖျတ်ခနဲ လှည့်ကြည့်ပြီး မိချို အနား သို့ ကပ်လာကာ) ဒီမှာ သမီး၊ ကိုကိုအေးက သမီး အကြောင်း အဖေ့ကို ခဏ ခဏ ပြောတယ်၊ ပြီးတော့ သူက ··။

မိချို ။ ။ (ဣန္ဒြေ ပျက်လျက်) အဖေဟာ တစ်ခါလာ ကိုကိုအေး တစ် ခါလာ ကိုကိုအေးနှင့် ဘာတွေမှန်းလည်း မသိဘူး၊ ရှုပ်တယ် အဖေရယ်၊ မိချို သွားမယ်၊ တော်တော်ကြာ မမရီ ခေါ်နေ လိမ့်မယ်။

ဦးဖိုးလှု ။ ။ နေပါဦး ခဏပါ၊ ဖေဖေ တစ်ခုတည်း မေးမယ်၊ တစ်နေ့က ကိုကိုအေး အဝတ်အစား အသစ်တွေ ဝယ်လာတယ် မဟုတ် လား။

မိချို ။ ။ (မျက်နှာ ပျက်လျက်) အဲဒါ ဘာဖြစ်သလဲ။

ဦးဖိုးလှု ။ ။ (မိချိုကို ခြေဆုံး ခေါင်းဆုံး ကြည့်၍) ပြီးတော့ (ဦးဖိုးလှု မိချို လက်ကို လှမ်းကြည့်သည်။) ဒီ လက်စွပ် (အရှက် မရှိ ရယ်လျက်) အဲဒီ လက်စွပ်ကလေးကရော ကိုကိုအေးက ဝယ် ပေးတာ မဟုတ်ဘူးလား။

မိချို ။ ။ (စက်ဆုပ်စွာဖြင့်) အဖေ ဘာတွေ လျှောက် ပြောနေတာလဲ အဖေ။

ဦးဖိုးလှု ။ ။ ငါ့ကို ဒီလို ညာလို့ မရဘူး မိချို၊ နင် ငါ့ကို ဖုံးမယ် မကြံ နှင့်၊ နင့်ကို ငါက မွေးထုတ်တဲ့ ငါ့ သမီးပါ မိချိုရ၊ (ရုတ် တရက် မျက်နှာချို သွေးကာ ရယ်လျက်) ကဲပါ၊ ဘာ ဖုံးနေ စရာ ရှိသလဲ၊ ပေးတဲ့ လူက ပေးလို့ ငါ့ သမီးက ယူတာ ဘာ ဖြစ်သလဲ၊ ဘာမှ မဖြစ်ဘူး၊ အဖေ နားလည်တယ်။

မိချို ။ ။ ရှင်းရှင်း ပြောစမ်းပါ အဖေ၊ အဖေ ပိုက်ဆံ ဘယ်လောက် လို ချင်သလဲ။

ဦးဖိုးလှု ။ ။ မများပါဘူး၊ သုံးဆယ်လောက်ပါ။

မိချို ။ ။ ဒါဖြင့် အဖေ့ ကိုကိုအေးဆီ သွားတောင်းပေါ့။

ဦးဖိုးလှု ။ ။ (စိတ်ဆိုးလျက်) ခွေး ကောင်မလေး၊ နင် ခွေးဝါးဝ စကား

mgyoe.com

mgyoe.com SAMPLE BOOK

သိပ် မပြောနှင့်၊ နင်နှင့် ကိုကိုအေး ဘာဖြစ်နေတယ် ဆိုတာကို မသိဘူးများ အောက်မေ့နေသလား ဟင်၊ ငါ့ကို နလပိန်းတုံးကြီးများ အောက်မေ့နေသလား။

မိချို ။ ။ (စိတ်ကို ချုပ်တည်းလျက်) ဒါ အဖေက ပြောရမယ့် စကားလား ဟင်၊ ဒါနှင့်များ အဖေ့ကိုယ် အဖေ အဖေလို့ ပြောချင်သေးသလား ဟင်၊ အဖေက သမီးကို ပြောရမယ့် စကားလား အဖေ။

ဦးဖိုးလူ ။ ။ ပြောရမယ်၊ ငါက အဖေ၊ အဖေ တစ်ယောက်ဟာ ကိုယ့်သမီး ကိုယ် ထိန်းသိမ်းရမယ့် ဝတ္တရား ရှိတယ်၊ ကဲ မှန်မှန်ပြောစမ်း၊ တစ်မြန်နေ့ ညက။

မိချို ။ ။ တစ်မြန်နေ့ ညက။

ဦးဖိုးလူ ။ ။ ဟုတ်တယ်၊ ငါ မရှိတဲ့ ညက၊ နင် သန်းခေါင်ကျော်မှ အိမ်ပြန်လာတယ် မဟုတ်လား၊ ဘာလုပ်နေသလဲ ပြောစမ်း။

မိချို ။ ။ (လိမ်လည်၍) မမရီ ခိုင်းတာ လုပ်ပေးနေတာ။

ဦးဖိုးလူ ။ ။ ခိုင်း ခိုင်းပါဦးတော့၊ ဘာ ကိစ္စ ဒီလောက် နောက်ကျရတာတုံး။

မိချို ။ ။ (စက်ဆုပ်စွာဖြင့်) အဖေလို လူကများ မေးရတယ် ရှိသေးတယ်။

ဦးဖိုးလူ ။ ။ သြော် ငါက မမေးရတော့ဘူးလား၊ ကဲ ဆိုစမ်းပါဦး၊ နင်ဘယ် သွားနေသလဲ ဆိုတာကို မပြောနိုင်တော့ဘူး မဟုတ်လား။

မိချို ။ ။ ဘာလို့ မပြောနိုင်ရမှာလဲ အဖေ။

ဦးဖိုးလူ ။ ။ ဒါဖြင့် ပြောစမ်း၊ နင် တစ်မြန်နေ့ ညက သန်းခေါင်ကျော်အထိ ဘယ် သွားနေသလဲ။

မိချို ။ ။ အဲဒီ ညက ဖေဖေကြီး အပြင် သွားစရာ ရှိတယ်၊ ဖေဖေကြီးသွားဖို့ အဝတ်အစားတွေ ပြင်ဆင်ထားဖို့ မမရီက ပြောလို့စောင့်နေရတယ်။

ဦးဖိုးလူ ။ ။ သြော် ဒီလိုလား၊ (ခြောက်လှန့်သော လေသံဖြင့်) ဒါဖြင့် နေစမ်းပါဦး၊ အဲဒီ ညက နင့်ကို အိမ်တိုင်ရာရောက် မော်တော်ကားနှင့် လိုက်ပို့တာကရော ဘယ်သူလဲ၊ အိမ်ရှေ့ ရောက်တော့

mgyoe.com SAMPLE BOOK

တောင် မော်တော်ကားပေါ်က မဆင်းသေးဘဲ စကား ပြောနေကြသေးတယ်လေ။ (ဦးဖိုးလူ အောင်မြင်သော အပြုံးကို ပြုံးလိုက်သည်။)

မိချို ။ ။ အို ဒါကတော့။

ဦးဖိုးလူ ။ ။ (တဟားဟား ရယ်မောရင်း) ငါ သိပါတယ် မိချိုရယ်၊ နင့်လိုက်ပို့တာက ငါ့ သမက်လောင်း သူဌေးကလေး တစ်ယောက်ယောက် နေမှာပဲ မဟုတ်ဘူးလား၊ နင့်လို အစေခံ သမီးကို သူဌေးကလေး ကိုယ်တိုင် မော်တော်ကားကြီးနှင့် တဲစုတ် အထိ အိမ်တိုင်ရာရောက် လိုက်ပို့တယ် ဆိုတော့ ဂုဏ်ယူစရာကြီး ပေါ့ဟာ ဟဲ ဟဲ၊ (ချက်ချင်း မျက်နှာ တည်သွားပြီး) ကဲ နင့်လိုက်ပို့တာ ဘယ်သူလဲ ပြောစမ်း။

မိချိုသည် ဘာမျှ ပြန်မပြောဘဲ ငိုင်နေသည်။

ဤအတွင်း မြဒင် ဝင်လာသည်။ မြဒင်မှာ မိချို၏ အမေစုံ အဖေကွဲ အစ်ကိုဖြစ်၍ ဦးဖိုးလူ၏ မယားပါ သား ဖြစ်သည်။ မြဒင်မှာ အရပ် မြင့်မြင့်၊ ကာယဗလ ကောင်းကောင်း ဖြစ်သည်။ မျက်ခုံး ထူထူ ဖြစ်၍ ပါးများမှာ အနည်းငယ် ချောင်ကျနေသည်။ လေးထောင့် သဏ္ဌာန် ပေါ်နေသော မေးရိုးကြီးများနှင့် တောက်ပသော မျက်လုံးများက မြဒင်သည် စိတ်ဓာတ် ခိုင်မာသူ တစ်ယောက် ဖြစ်ကြောင်း ဖော်ပြနေသည်။ မြဒင်၏ နှုတ်ခမ်းများမှာ ပါးပါးလျားလျား ရှိသည်။ စကား ပြောလျှင် အနည်းငယ် ထစ်သလို ရှိသော်လည်း စိတ်အားထက်သန်လာသော အခါတွင် အထစ် အငေါ့ မရှိ မြင်းကောင်း စိုင်းသလို ပြောနိုင်သူ ဖြစ်သည်။

ယခု ဤအိမ်ကြီးသို့ ရောက်လာခြင်းမှာ လက်ပံတန်းရှိ ဦးထွန်းမင်း၏ ဘောဂရတနာ ဆန်စက်တွင် သပိတ် တိုက်ပွဲ တစ်ခုကို ခေါင်းဆောင် စည်းရုံးဝင်ခဲ့ပြီး ဦးထွန်းမင်းနှင့် ဆွေးနွေးရန် ရောက်လာခြင်း ဖြစ်သည်။ မြဒင်မှာ သပိတ် တိုက်ပွဲ အတွက် လုံးပန်းနေရသဖြင့် ပင်ပန်း နွမ်းနယ်ကာ အိုမင်းဟန် ပေါက်နေသည်။ ဦးဖိုးလူနှင့် ညီအစ်ကိုဟု ပြောလျှင်ပင် ရနိုင်လောက်အောင် အိုစာနေသည်။

သူ့ မျက်လုံးများ တောက်ပပုံနှင့် သူ့ အသံကသာလျှင် မြဒင်မှာ အသက် မကြီးသေးဘဲ ငယ်ရွယ် နုပျိုသေးသူ တစ်ယောက် ဖြစ်ကြောင်းကို သိသာ

mgyoe.com

mgyoe.com
SAMPLE BOOK

စေသည်။ သူ့ ညီမ မိချိုလို ငယ်ရွယ်သူတို့၏ မဟုတ် မခံချင် စိတ်၊ မတရား မှုကို ရွံမုန်းစိတ်တို့သည် မီးတောင် အောက်က ချော်ရည်များလို မြဒင် စိတ် ထဲတွင် ငုပ်လျှိုးနေသည်ဟု ထင်ရသည်။

မြဒင်သည် စစ် အင်္ကျီ လက်ရှည် အစိမ်း ခပ်နွမ်းနွမ်း တစ်ထည်နှင့် အဝတ် ဦးထုပ်စိမ်းကို ဆောင်းထားသည်။ သူ့ ခြေထောက်၌ ဂျပန် ဖိနပ် ဟောင်း တစ်ရန်ကို စီးထားသည်။ မြဒင်သည် စကားကို ခပ်ပြတ်ပြတ်ပင် ပြောလေ့ ရှိသည်။

မြဒင် ။ ။ မိချို။

မိချို ။ ။ အစ်ကို မြဒင်။

ဦးဖိုးလူ ။ ။ (မိချိုဘက်သို့ လှည့်၍) ကဲ ပြောလေ၊ ခုမှ ဘာ အူကြောင် ကြောင် လုပ်နေတာလဲ။

မိချို ။ ။ (မြဒင်ဘက်သို့ တောင်းပန် တိုးလျှိုးသော မျက်နှာဖြင့် ကြည့် ၍) အစ်ကို မြဒင်။

ဦးဖိုးလူ ။ ။ နင့် အစ်ကို ရောက်လာပေမဲ့ မေးရမှာပဲ၊ မတတ်နိုင်ဘူး၊ ကဲ ပြောလေ။

မြဒင် ။ ။ ဘာဖြစ်နေကြတာလဲ။

ဦးဖိုးလူ ။ ။ မင်းနှင့် မဆိုင်ပါဘူးကွာ၊ တခြားပါ။

မိချို ။ ။ အလကားပါ အစ်ကို မြဒင်ရယ်၊ (ဦးဖိုးလူဘက်သို့ လှည့်၍) ကဲပါ အဖေ၊ နောက်မှ ပြောပါ။

ဦးဖိုးလူ ။ ။ နောက်မှ ပြောရမယ်လား၊ (မိချိုကို သိသိသာသာ ပြုံး၍ ကြည့် လိုက်သည်။) ကောင်းပြီ၊ ဒီလိုဆိုရင် နောက်ကို ပြောရလိမ့် မယ်၊ (မြဒင်ဘက်သို့ လှည့်၍) နေစမ်းပါဦးကွ၊ မင်းကရော ဘာကိစ္စ ဒီအထဲ ရောက်အောင် ဝင်လာရတာလဲ၊ နည်းနည်း ပါးပါးတော့ ယဉ်ကျေးသမှု ရှိဦးမှပေါ့ကွ။

မြဒင် ။ ။ (ရိုးသားစွာဖြင့်) ဟာဗျာ၊ တစ်မနက်လုံး ဂိတ်ဝက ထိုင်စောင့် နေရတာ ကြာတော့ ပျင်းလာပြီ။

ဦးဖိုးလူ ။ ။ မင်း တော်တော် ခက်တယ် မြဒင်၊ ခုထက်ထိ အပိုး မသေ သေးဘူး၊ ဆန်စက်မှာ လုပ်တဲ့ အလုပ်သမား မြဒင်ဟာ သူဌေး ရဲ့ အိမ်မှာ ဘယ်လို ဆက်ဆံရမယ် ဆိုတာ ဘာမှ မသိဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

မိချို ။ ။ ဒီမှာ အဖေ၊ အစ်ကို မြဒင်ဟာ ဒီ အိမ်မှာ အစေခံ မဟုတ်ဘူး အဖေ။

ဦးဖိုးလူ။ ။ အစေခံ မဟုတ်ပေမဲ့ မြဒင် ရနေတဲ့ ပိုက်ဆံဟာ ဆရာကြီး အိတ်ထဲက ပေးနေတဲ့ ပိုက်ဆံ မိချို။

မြဒင် ။ ။ (အေးစက်စက်ဖြင့်) ခု သူ ဘယ်မလဲ။

ဦးဖိုးလူ။ ။ (မသိဟန် ပြု၍) ဘယ်က သူလဲ၊ သူ ဆိုတာ ဘယ်သူ့ကို ပြောတာလဲ။

မြဒင် ။ ။ ဆန်စက် သူဌေးပေါ့။

ဦးဖိုးလူ။ ။ ဆရာကြီးကို ဆရာကြီးလို့ပဲ ပြောပါကွ၊ ဆန်စက်ထဲမှာ ဘာ ဖြစ်နေနေ အိမ်ထဲမှာ မင်း ရောက်နေသမျှ ကာလပတ်လုံး တော့ သူဟာ အရှင်သခင်ပဲ၊ ဆရာကြီးပဲ။

မြဒင် ။ ။ ဆန်စက် အလုပ်သမားတွေရဲ့ ကိုယ်စားလှယ် ရောက်နေတယ် လို့ သူ့ကို သွားပြောဗျာ။

ဦးဖိုးလူ။ ။ မြဒင်၊ မင်း အိမ်မှာ အေးအေးဆေးဆေး သွားစောင့်နေရင် ကောင်းမယ် ထင်တယ်၊ (ဂုဏ်ယူ ကြွားဝါသော ဟန်ဖြင့်) အလုပ် ပြုတ်မှာကို သိပ် စိုးရိမ်မနေပါနှင့်ကွာ၊ ဒီ ကိစ္စကို အဆင် ပြေအောင် ငါ ကြည့်စီစဉ်ပါ့မယ်၊ အိမ်မှာ နေပြီး မင်း အမေနှင့်ရော မင်း နှမနှင့်ပါ အေးအေးဆေးဆေးသာ နေပါ၊ မင်း လက်ပံတန်း ပြန်ရောက်တာနှင့် တစ်ပြိုင်နက် တစ်ခါ တည်း အလုပ် တန်းဝင်ရအောင် ငါ လုပ်ပေးပါ့မယ်။

မြဒင် ။ ။ ကျုပ် လာတဲ့ ကိစ္စ ခင်ဗျား နားမလည်ပါဘူးဗျာ၊ ခင်ဗျား ဘာသာ အေးအေးပဲ နေပါ။

မိချို ။ ။ (သူ့ အဖေနှင့် မြဒင် စကား ပြတ်သွားစေလိုသဖြင့်) အဖေ၊ ဖေဖေကြီး လာတွေ့တဲ့ ဧည့်သည်တွေ ပြန်သွားပြီလား၊ သွား ကြည့်လိုက်ပါဦးလား၊ ဧည့်သည်တွေ ပြန်ရင် အစ်ကို မြဒင် ကို ဖေဖေကြီးနှင့် တွေ့ပေးနိုင်တာပေါ့။

ဦးဖိုးလူ။ ။ (ခေါင်း ယမ်း၍) ငါတော့ အတွေ့ ခံမယ် မထင်ဘူး။

မြဒင် ။ ။ (သူတို့ တိုက်ပွဲမှာ တရားသော တိုက်ပွဲ ဖြစ်ကြောင်း ယုံကြည် စိတ်ချစွာဖြင့်) ဘောဂရတနာ ဆန်စက် သပိတ်မှောက် အလုပ် သမားတွေရဲ့ ကိုယ်စားလှယ် မြဒင်က တွေ့ချင်တယ်လို့ ပြော

mgyoe.com

mgyoe.com
SAMPLE BOOK

ဗျာ၊ တစ်နေ့က လက်ပံတန်း လာတုန်းက တွေ့ပြီးပြီ၊ ဆွေးနွေးပွဲ မပြီးသေးလို့ ခု သူက လာပါဆိုလို့ လာတာ။

ဦးဖိုးလူ ။ ။ (ဝတ်ကျောတန်းကျောဖြင့်) ဒီလိုဆိုရင်လည်း ဆရာကြီးက တွေ့ခွင့် ပေးမလား ဆိုတာ ကြည့်ရသေးတာပေါ့ကွာ။

မိချို ။ ။ ကဲပါ အဖေရယ်၊ လူ ရှင်းပြီလား သွားကြည့်ချည်ပါ။

ဦးဖိုးလူ ။ ။ (စာကြည့်ခန်း တံခါးဝ အရောက်တွင် ပြန်လှည့်၍) တကယ်လို့ ဆရာကြီးက တွေ့ခွင့် ပေးရင်တော့ စကားကို ကြည့်ပြောနော်။

ဦးဖိုးလူ စာကြည့်ခန်းထဲ အရည် ဝပြီးသော ကျွန်ကြီး တစ်ယောက်ဟန်ဖြင့် ဝင်သွားသည်။

မြဒင် ။ ။ (ဦးဖိုးလူ လျှောက်ထွက်သွားသည်ကို လှမ်းကြည့်ရင်း ခေါင်းယမ်းလိုက်သည်။) အင်း သူဟာ လူတစ်ယောက် ဆိုတာကိုတောင် သူ့ဘာသာသူ သတိ မရတော့ဘူး ထင်တယ်။

မိချို ။ ။ အစ်ကို မြဒင်၊ (မရဲတရဲဖြင့်) တိုးတိုး ပြောပါလား အစ်ကိုမြဒင်ရယ်၊ တော်တော်ကြာ ဖေဖေကြီး ကြားသွားပါ့မယ်။

မြဒင် ။ ။ (မိချိုကို ကြည့်၍) အေးပါဟာ၊ ဒါထက် အမေလည်း ရောက်လာတော့မယ်၊ နင်လည်း ဒီ အလုပ်က ထွက်ပြီး အမေနှင့်တော ပြန်လိုက်သွားတာ ကောင်းလိမ့်မယ် ထင်တယ်။

မိချို ။ ။ (အံ့အားသင့်၍) ဘာဖြစ်လို့လဲ။

မြဒင် ။ ။ ဒီနေရာဟာ နင် နေအပ်တဲ့ နေရာ မဟုတ်ဘူး မိချို။

မိချို ။ ။ ဘာဖြစ်လို့ မနေအပ်ရမှာလဲ အစ်ကို မြဒင်။

မြဒင် ။ ။ (နာကြည်းစွာဖြင့်) သူဌေး ဦးထွန်းမင်း တစ်ဆွေလုံး တစ်မျိုးလုံးဟာ သုံးစား မရအောင် ပျက်စီးနေပြီ၊ ငါ နှစ်နှစ်လုံးလုံး ဆန်စက်မှာ လုပ်တုန်း သူတို့ ကောက်ကျစ် ယုတ်မာပုံဟာ မမြင်ချင် အဆုံးပဲ၊ ငါတော့ သူတို့ တစ်ဆွေလုံး တစ်မျိုးလုံးကို မုန်းတယ်၊ ရွံတယ်၊ စက်ဆုပ်တယ်။

မိချို ။ ။ ဘာတွေများ မြင်ခဲ့ရလို့လဲ အစ်ကို မြဒင်ရယ်။

မြဒင် ။ ။ ဒီအိမ်ကြီးကိုပဲ ကြည့်ပါ၊ အပြင်ပန်းကနေ ကြည့်တော့ ကြီးကျယ် ခမ်းနားပြီး ဘယ်လောက် ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသလဲ၊ ဒါပေမဲ့ ဒီ အိမ်ကြီးဟာ လယ်သမားတွေရဲ့ သွေး

mgyoe.com

mgyoe.com SAMPLE BOOK

တွေနှင့် ဆောက်ခဲ့တာ၊ ဆန်စက်ထဲမှာ လက်ပြတ် ခြေပြတ် ဖြစ်ရတဲ့ အလုပ်သမားတွေရဲ့ သွေးတွေနှင့် ဆောက်ခဲ့တာ၊ လူတွေ အသေခံ အစတေး ခံပြီး ဆောက်ခဲ့တာ၊ ထွီ။

မိချို ။ ။ ဒါတွေ မပြောပါနှင့် အစ်ကို မြဒင်ရယ်၊ နဂိုကမှ ဒီ အိမ်ကြီးက တစ္ဆေ ခြောက်တယ် ဆိုလို့ မိချို လိပ်ပြာ မသန့်ရတဲ့ အထဲ။

မြဒင် ။ ။ (လှောင်ပြုံး ပြုံးလျက်) ခု ငါ ဒီ အိမ်ဝင်းကြီးထဲ ဝင်လာတုန်းကလည်း ခြံထဲမှာ လူခပ်ငယ်ငယ် တစ်ယောက် တွေ့ခဲ့တယ်၊ ပက်လက် ကုလားထိုင်ပေါ်မှာ ပက်လက် လှန်ပြီး ဖိမ်နှင့် မှိန်းလို့၊ ဒါပေမဲ့ ဖိမ်သာ ယူတယ်၊ လူကတော့ လူရုပ် မပေါ်တော့ဘူး၊ မျက်နှာကလည်း ဖြူဖပ်ဖြူရော်၊ လူသေ မျက်နှာ ကျနေတာပဲ၊ ဒီ မျက်နှာ ကြည့်ပြီး ဒီလူတော့ မကြာခင် မြေကြီးထဲ ရောက်တော့မှာပဲလို့တောင် အောက်မေ့ခဲ့မိသေးတယ်၊ အဲဒီ လူက သူဌေးရဲ့ သား အကြီးဆုံးလို့ ပြောတာပဲ၊ လူတွေကို ဒီလောက် ခေါင်းပုံ ဖြတ်ပြီး ဒီလောက် သွေးစုပ်နေတဲ့ လူ ဘယ် သက်ဆိုး ရှည်မလဲ၊ အသေဆိုးနှင့် သေမှာပဲ။

မိချို ။ ။ (ခံပြင်းလျက်) အစ်ကို ဒီလို ချိုးချိုးဖဲ့ဖဲ့ (စကား လွန်သွားသဖြင့် ချုပ်တည်းကာ) စိတ် သဘောတော့ မဆိုးပါဘူး။

မြဒင် ။ ။ ပိုက်ဆံ ရမယ် ဆိုရင် ဘယ်လောက်ပဲ ညစ်ပတ် စုတ်ပွဲတဲ့ အလုပ်ကို ဖြစ်ဖြစ် လုပ်ရမှာ ဝန်မလေးတဲ့ အဖေ တစ်ယောက်ရဲ့ သားဟာ ဘယ်နည်းနှင့်မှ မကောင်းနိုင်ဘူး၊ ဒီ ပုတ်ထဲက ဒီပဲပါပဲ။

မိချို ။ ။ အစ်ကို မြဒင်ဟာ မိချိုနှင့် ကွဲသွားတဲ့ နှစ်နှစ် အတွင်းမှာ အချိုး တစ်မျိုး ဖြစ်နေပြီ။

မြဒင် ။ ။ ဒီ နှစ်နှစ် အတွင်း (မြဒင် ရှေ့သို့ တိုးလာပြီး မိချို မျက်နှာကို စေ့စေ့ ကြည့်ကာ) ဒီ နှစ်နှစ် အတွင်း တစ်မျိုး ဖြစ်နေတာက ငါ မဟုတ်ဘူး မိချို၊ အဲဒါ နင်‥ နင်။

ဦးဖိုးလူ စာကြည့်ခန်းထဲမှ ပြန်ထွက်လာသည်။

ဦးဖိုးလူ ။ ။ ဧည့်သည်တွေ ပြန်သွားလို့ မင်း စောင့်နေတဲ့ အကြောင်း ပြောမလို့ လုပ်တုန်းမှာပဲ ဧည့်သည် တစ်ယောက် ရောက်လာလို့

mgyoe.com

mgyoe.com SAMPLE BOOK

မပြောခဲ့ရသေးဘူး၊ (မြဒင်ဘက် လှည့်၍) အပြင်ဘက်ကနေ စောင့်ရအောင်လေကွာ၊ ဘယ့်နှယ်လဲ။

မြဒင် ။ ။ ဒီလိုဆိုရင်လည်း စောင့်မနေနိုင်ဘူးဗျာ၊ ဘယ်သူ ရှိရှိ ကျုပ်ဘာသာ ကျုပ် တစ်ခါတည်း ဝင်တွေ့လိုက်မယ်။

ဦးဖိုးလူ ။ ။ (ရှေ့မှ တားရင်း) ဟေ့ မြဒင်၊ မင်း တွေ့မယ့် လူက ဘယ်သူများ အောက်မေ့နေသလဲ။

မိချို ။ ။ နေပါဦး အစ်ကို မြဒင်ရယ်၊ ခဏတစ်ဖြုတ်။

မြဒင် ။ ။ ကောင်းပြီ၊ (ခေတ္တမျှ စဉ်းစား၍) ဒီ တစ်ခါ ငါ သည်းခံမယ်၊ တို့ အလုပ်သမားတွေဟာ အရိုင်းအစိုင်းတွေလို့ အထင် မခံနိုင်လို့ ငါ စောင့်မယ်။

ဦးဖိုးလူ ။ ။ ဟေ့ကောင် သိပ် လေကျယ် မနေနှင့်ကွာ၊ အဘိုးကြီးက တွေ့ခွင့် ပေးမယ်ဆို ပေးမှာပဲ၊ မပေးဘူး ဆိုရင်လည်း မပေးဘူးဘဲ၊ အိမ်နောက်ဖေး အစေခံ တန်းလျားမှာ ခဏလေးလောက်မှ မစောင့်နိုင်တော့ဘူးလား၊ လာ ငါ လိုက်ပို့မယ်၊ မင်း တစ်ယောက်တည်း သွားလို့ ရှိရင် ဒီ အိမ်ကြီးထဲမှာ ဟိုရောက် ဒီရောက် ကိုးရိုးကားရားတွေ ဖြစ်နေလိမ့်ဦးမယ်၊ (ဝရန်တာဘက်သို့ ထွက်သော ဗဟို တံခါးမကြီးသို့ အရောက်တွင် မိချိုကို သမင်လည်ပြန် ကြည့်၍) မိချို နင် ဒီမှာ ခဏ နေဦး၊ ငါ ချက်ချင်း ပြန်လာမယ်။

မိချို ။ ။ စောင့်မယ်၊ စောင့်မယ်၊ အဖေ သွားမှာသာ သွား။

ဦးဖိုးလူနှင့် မြဒင် ထွက်သွားသည်။

မိချိုသည် ဆိုဖာ တစ်ခုပေါ်တွင် စိတ်ပျက်လက်ပျက် ပစ်ထိုင်လိုက်သည်။

အိမ်ပြင်ဘက် ခြံထဲမှ လူရွယ် တစ်ယောက်က မိချိုအား လှမ်း ခေါ်နေသံကို ကြားရသည်။ ခေါ်သံသည် တဖြည်းဖြည်း နီးလာကာ ဗဟို တံခါးမကြီးနားသို့ ရောက်လာသည်။

မိချို ။ ။ (အနည်းငယ် လန့်သွားကာ) ဟောတော့၊ ကိုကိုထွေး အသံပါလား။

ကိုကိုထွေး၏ အသံ။ ။ မိချို၊ မိချိုရေ။

မိချို ရုတ်တရက် ထ၍ ဆိုဖာ နောက်တွင် ပုန်းနေလိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သူဌေး ဦးထွန်းမင်း၏ ဆယ့်ခုနစ်နှစ်ရွယ် သားထွေး ကိုကိုထွေး အခန်းထဲသို့ သုတ်သီးသုတ်ပျာ ဝင်လာသည်။ ကိုကိုထွေးသည် စပို့ရှပ်ဖြူ ဘောင်းဘီတို အဖြူ ဖိနပ်ဖြူ ခြေအိတ်ဖြူတို့ကို ဝတ်ဆင်ကာ ဝဲဘက် ချိုင်းတွင် တင်းနစ် ရိုက်တံ တစ်ချောင်း ညှပ်ထားသည်။ မွေးပွ မျက်နှာသုတ်ပဝါ အငယ်စားကလေး တစ်ထည်ဖြင့် မျက်နှာမှ ချွေးများကို သုတ်နေသည်။ ကိုကိုထွေးသည် အသက် ငယ်သူပီပီ စိတ်ကူးယဉ်တတ်သူ ဖြစ်သည်။ သူ့ မျက်နှာသည် သွေးရောင် လျှမ်းကာ သူ့ မျက်လုံးများမှာ ကြည်လင် တောက်ပလျက် ရှိသည်။

ကိုကိုထွေး။ ။ မိချို့ရေ၊ မိချို၊ (အခန်း ပတ်ပတ်လည်ကို လှည့်ကြည့်ရင်း) ဟ ဒီမှာလည်း မရှိပါလား၊ (ထမင်းစားခန်းဆီသို့ ခြေဖျားထောက်သွားကာ တံခါးကို တွန်းဖွင့်လိုက်ပြီး အသံ ခပ်တိုးတိုးဖြင့်) မိချို့ရေ၊ လာပါကွယ်၊ ကိုကိုထွေး မိချို့ကို ပြောစရာ တစ်ခု ရှိတယ်၊ (နောက် စာကြည့်ခန်းဆီသို့ တိတ်တဆိတ် ဖြတ်သွားကာ အသံ တိုးတိုးဖြင့် ခေါ်သည်။) မိချို။

ဦးထွန်းမင်း၏ အသံ။ ။ (စာကြည့်ခန်းတွင်းမှ) ကိုကိုထွေးလား ဟေ့။

ကိုကိုထွေး။ ။ (ကြောက်ကြောက်ဖြင့်) ဟုတ်တယ် ဖေဖေ။

အသံ ။ ။ ဘာလဲဟေ့။

ကိုကိုထွေး။ ။ မိချို့များ ရှိသလားလို့ပါ။

အသံ ။ ။ ဟေ မရှိပါလားကွ။

ကိုကိုထွေး။ ။ (စိတ်ရှုပ်ဟန်ဖြင့် မျက်မှောင် ကြုတ်၍ ဧည့်ခန်း အလယ်သို့ ပြန်လာသည်။) ခက်ကျတာပဲ၊ မိချို့က ဘယ်များ သွားနေသလဲ မသိဘူး။

ကိုကိုထွေး ဧည့်ခန်း အလယ်ကို ဖြတ်လျှောက်ပြီး ထမင်းစားခန်းထဲ ဝင်သွားသည်။

ကိုကိုထွေး ထွက်သွားလျှင် မိချို ဆိုဖာ နောက်မှ ထွက်လာကာ သက်ပြင်းလေး တစ်ချက် ချလိုက်သည်။

ဦးဖိုးလူ ဗဟို တံခါးမကြီးမှ ပြန်ဝင်လာသည်။

ဦးဖိုးလူ ။ ။ ခုနက နင့်ကို ခေါ်နေတာ ဘယ်သူလဲ မိချို။

မိချို ။ ။ ကိုကိုထွေးရယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးဖိုးလူ ။ ။ ဘာလုပ်ဖို့တဲ့လဲ။

မိချို ။ ။ ဘာလုပ်ဖို့လဲ မသိပါဘူး။

ဦးဖိုးလူ ။ ။ (အပြစ်တင်သော မျက်နှာဖြင့်) မိချို၊ နင် ကိုကိုထွေးကို ဘာဖြစ်လို့ ရှိရက်သားနှင့် မရှိချင်ယောင် ဆောင်နေရတာလဲ။

မိချို ။ ။ နို့ အဖေကပဲ မိချို ဒီ အခန်းထဲက စောင့်နေရမယ် ဆို၊ ကဲပါ ပြောစရာ ရှိတယ် ဆိုတာ ဘာပြောမလို့လဲ။

ဦးဖိုးလူ ။ ။ ဒို့ပြင် ကိစ္စ မရှိပါဘူး၊ ခုနက ငါ ပြောတဲ့ ကိစ္စပဲ၊ ခု အောက်ဆင်းပြီး မြဒင်ကို နောက်ဖေး တန်းလျား သွားပို့ရင်းပဲ သောက်ကန်းမ ကြွေးရှင်တွေနှင့် သွား တိုးနေလို့၊ လုပ်ပါ မိချိုရယ်၊ ဒီနေ့ ငွေ သုံးဆယ်မှ မရရင်တော့ မဖြစ်ဘူး၊ ငါတော့ ဒုက္ခပဲ။

မိချို ။ ။ (ပိုက်ဆံ အနည်းငယ် ထုတ်ပေးရင်း) ရော့ အဲဒါ မိချို ရှိသမျှ အကုန်ပဲ၊ တစ်ပြားမှ မကျန်တော့ဘူး၊ ဒါလေးတောင် အမေ့ကို ယောဂီ တဘက်ကလေး တစ်ထည် ဝယ်ကန်တော့ဖို့ ချန်ထားလို့ ကျန်တာ၊ အဖေ ဒုက္ခ ရောက်နေမယ် ဆိုတော့ ပေးရတော့မှာပေါ့။

ဦးဖိုးလူ ။ ။ ဒါလေးပဲ ရှိရင်လည်း နေပါတော့ဟာ၊ နင့်မှာ တစ်ပြားမှ မကျန်ဘဲ နေလိမ့်မယ်။

မိချို ။ ။ တော်ပါတော့ အဖေရယ်၊ အားမနာချင်တော့လည်း အဖေပဲ၊ အားနာချင်တော့လည်း အဖေပဲ၊ ကဲပါ ယူမှာသာ ယူပါ။

ဦးဖိုးလူ ။ ။ (ပြုံး၍ ပိုက်ဆံကို ယူကာ ရေတွက်ရင်း) ဟ ဆယ့်နှစ်ကျပ် တည်းပဲလား။

မိချို ။ ။ (သံပြတ်ဖြင့်) ဒါပဲ ရှိတာပဲ။

ဦးဖိုးလူ ။ ။ (သူ့ကိုပင် ပြန်၍ သနားရဦးမည့် ဟန်မျိုးဖြင့်) ဒုက္ခပဲ၊ ဒီ ငွေကလေးနှင့် ဘယ်လိုများ ဆပ်ရပါ့မလဲ မသိဘူး။

မိချို ။ ။ (စိတ် ပေါက်ပေါက်ဖြင့်) ဒါပဲ ရှိတယ်၊ ယူချင် ယူကြ မယူချင်လည်း နေကြလို့ ပြောလိုက်ပေါ့၊ မကျေနပ်ရင် ညကျမှ အိမ် လာပြီး တောင်းလှည့်လို့ ပြောလိုက်ပေါ့၊ အဖေ သုံးချင်တာ ရှိရင်လည်း သုံးပစ်လိုက်ပေါ့။

ဦးဖိုးလူ ။ ။ အဖေ သုံးဖို့လား၊ အေး ငါ့ သမီးက ကန်တော့လည်း အဖေက လက်ခံရမှာပေါ့၊ သာဓုပါဗျာ သာဓုပါ၊ အင်း တကယ်


mgyoe.com

mgyoe.com
SAMPLE BOOK

ကျတော့ သမီးလည်း အဖေ့ ဒုက္ခကို မကြည့်ရက်ဘူး ဆိုတာ သိပါတယ်ကွယ်။

မိချို ။ ။ (စိတ်ပျက်လက်ပျက်ဖြင့်) ကဲ အဖေ၊ အဖေ့ ကိစ္စ ပြီးပြီလား၊ ပြီးရင် မိချို အပေါ်ထပ် တက်မယ်။

မိချို ဆေးပန်းကန်ကို ကောက်ယူသည်။

ဦးဖိုးလူ ။ ။ အေး အေး၊ ငါ့ သမီး လုပ်စရာ ရှိတာ သွားလုပ်ချည်၊ နင့် မမရီကိုလည်း အဖေက တဖွဖွ မေးတယ်လို့ ပြောလိုက်ပါ ကွယ်။

မိချို ။ ။ ပြောမယ်၊ ပြောမယ်၊ စိတ်ချ။

ဦးဖိုးလူ ။ ။ (ကျေနပ်လျက်) ဩော် မိချိုရေ၊ ငါ မေ့နေလို့ပေါ့၊ နင့်ကို တစ်ခု ပြောရဦးမယ်။

မိချို ။ ။ အဖေ့ဟာ နောက်မှ ပြောလို့ မဖြစ်ဘူးလား။

ဦးဖိုးလူ ။ ။ (အရေးကြီး ဟန်ဖြင့်) ဒါကတော့ နင့် ကိစ္စပဲ။ (ပေါကြောင် ကြောင် လုပ်၍ ရယ်သည်။)

မိချို ။ ။ (မျက်မှောင် ကြုတ်လျက်) လာပြန်ပြီလား မိချို ကိစ္စ၊ ကဲ ဘာလဲ၊ (ဆေးပန်းကန်ကို ပြန်ချသည်။) ပြောစရာ ရှိလည်း တစ်ခါတည်း ပြောလိုက် အဖေရယ်၊ မြို့စိ မြို့စိတော့ လုပ် မနေနှင့်။

ဦးဖိုးလူ ။ ။ ကွယ် သမီးကလည်း စိတ်ချည်းပဲ၊ ဒီလို ပြောပုံလေးနှင့် ဆို တော့ ငါ့ သမီးက သူဌေး သမီးကလေးနှင့် တူသလိုလိုပဲပေါ့ အဟီး။

မိချို ။ ။ ဒါတွေ အသာ ထားစမ်းပါ အဖေရယ်၊ ပြောမှာသာ ပြောပါ။

ဦးဖိုးလူ ။ ။ သမီးကလည်းကွယ်၊ အဖေက ချစ်လို့ ကျီစားတာပါ၊ (ခပ် တည်တည်ဖြင့်) တကယ်ပါ၊ အဖေ့ သမီးကို တစ်ခု သတိ ပေးချင်တယ်၊ အဲဒါကတော့ တခြား မဟုတ်ဘူး၊ သမီး အနေ အထိုင် သတိထား နေဖို့ပဲ။

မိချို ။ ။ (ခပ်ရှောင်ရှောင်ဖြင့်) ဩော် အဖေက မိချို အတွက် စိုးရိမ် တယ် ဆိုပါတော့၊ မိချိုကို ဘယ်သူကမှ လာပြီး စားပြ မတိုက် ပါဘူး အဖေရဲ့၊ မိချိုမှာ တိုက်စရာလည်း မရှိတော့ဘူး၊ ရှိသမျှ အဖေ့ကို အကုန် ပေးလိုက်ပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးဖိုးလူ ။ ။ ကောင်မလေး ပြောင်ချော်ချော် လုပ်မနေနှင့်၊ ငါ အတည် ပြောတာ၊ ခုတလော နင့် မမရီကို ကြည့်ရတာ သိပ် ရွှင်ရွှင်ပျပျ မရှိဘူး သိရဲ့လား။

မိချို ။ ။ ဒါ မိချိုနှင့် ဘာဆိုင်သလဲ။

ဦးဖိုးလူ ။ ။ ငါ့ အထင်တော့ နင့်ကို သူ သိပ် သဘောကျပုံ မရဘူး။

မိချို ။ ။ ဘာဖြစ်လို့တုံး။

ဦးဖိုးလူ ။ ။ အကြောင်းရှိလို့ပေါ့ဟာ၊ နင့်ကို ငါ ခု ကတည်းက ပြောထားလိုက်မယ်၊ နောက်မှ မပြော မရှိနှင့်၊ ဆရာကြီးက အသက်ကြီးတယ်၊ ခု ဆရာကြီးနှင့် မမရီတို့ လင်မယား ကြည့်ရတာ သိပ် အဆင်ပြေပုံ မရဘူး၊ ကိုကိုအေးက တကယ် ဆိုတော့ မမရီရဲ့ သားအရင်း မဟုတ်ဘူး၊ လင်ပါ သားနှင့် မိထွေး၊ ဒီအထဲမှာ တစ်ယောက်နှင့် တစ်ယောက် အသက်အရွယ်ချင်းကလည်း မတိမ်းမယိမ်း။

မိချို ။ ။ ဒါ မိချို အသိသားပဲ၊ ဘာဖြစ်သလဲ။

ဦးဖိုးလူ ။ ။ အေး ဘာဖြစ်သလဲ ဆိုတာ သိချင် နားထောင်၊ နေဝင်ပြီ ဆိုတာနှင့် တစ်ပြိုင်နက် ဒီဧည့်ခန်းထဲကို ဘယ်သူမှ မလာဝံ့ကြဘူး၊ ဆရာကြီးများ လက်ပံတန်း သွားရင် နေ့ခင်းများတောင် ဒီ ဧည့်ခန်းကို မလာရဲကြဘူး၊ ဘာဖြစ်လို့လဲ သိလား။

မိချို ။ ။ အို ဒါတော့ တစ္ဆေ ကြောက်လို့ နေကြမှာပေါ့ အဖေရယ်၊ ဒီဧည့်ခန်းထဲက တစ္ဆေ ခြောက်တယ်လို့ နောက်ဖေး တန်းလျားမှာတော့ ပြောနေကြတာပဲ။

ဦးဖိုးလူ ။ ။ အေး ဟုတ်တယ်၊ တစ္ဆေ ခြောက်လို့ မလာရဲကြတာ၊ ငါကိုယ်တိုင် မျက်စိနှင့် တပ်အပ် တစ္ဆေ မြင်လိုက်ရတယ်။

မိချို ။ ။ တကယ်။

ဦးဖိုးလူ ။ ။ အိုး တကယ်ပေါ့ဟဲ့၊ မမြင်ရဘဲနှင့် ပြောပါ့မလား။

မိချို ။ ။ ဟောတော့၊ ဘယ်လို နေသလဲ အဖေ။

ဦးဖိုးလူ ။ ။ ဒီတုန်းက ဒီ အိမ်ကို နင် မရောက်သေးဘူး၊ ဆရာကြီးကလည်း လက်ပံတန်းကို ဆန်စက် ကိစ္စနှင့် သွားနေတယ်၊ အိမ်ကြီး တစ်အိမ်လုံးမှာ မမရီရယ်၊ ကိုကိုအေးရယ်၊ ကိုကိုထွေးရယ် သုံးယောက်ပဲ ကျန်ရစ်တယ်၊ အဲဒီတုန်း ကတည်းက ဒီ

mgyoe.com

mgyoe.com
SAMPLE BOOK

ဧည့်ခန်းက တခွေ့ ခြောက်တယ်လို့ နာမည် ကြီးနေပြီ၊ ကိုကို ထွေးက နည်းနည်း ငယ်တော့ ကြောက်တတ်တာနှင့် ည ည ဆိုရင် ငါ ကိုကိုထွေး အခန်းဝမှာ စောင့် စောင့် အိပ်ရတယ်၊ မှတ်မိသေးတယ်၊ အဲဒီတုန်းက ဆောင်းတွင်းကြီးပေါ့၊ တစ်ည သန်းခေါင်ကျော်လောက်ကျတော့ ကိုကိုထွေး ငါ့ကို လာနှိုး ပြီး ဧည့်ခန်းထဲက တခွေ့ ခြောက်သံ ကြားတယ် ဆိုပြီး လာ ပြောတာပဲ၊ ကိုကိုထွေးက ငါ့ကို ဧည့်ခန်းထဲ သွားကြည့်ရ မယ်လို့ အတင်း ခိုင်းတယ်၊ ငါလည်း ကြောက်လိုက်တာမှ ခေါင်းနားပန်းတွေ ကြီးပြီး ဇောချွေးတွေတောင် ပြန်လာတယ်၊ ရောက်လည်း ရောက်ခါစ ဆိုတော့ သူတို့ ခိုင်းတာကို မလုပ် ဘဲလည်း မနေရဲဘူး။

မိချို ။ ။ ဒါနှင့် အဖေ သွားကြည့်ရော ဆိုပါတော့။

ဦးဖိုးလူ။ ။ ဒါပေါ့၊ ငါလည်း အကြောက်ပြေ ဆိုပြီး ထမင်းစားခန်းထဲ က ဆရာကြီး သောက်တဲ့ အရက် တစ်ခွက်ကို မော့ပြီး သွား တာပေါ့၊ ဒါပေမဲ့ ဧည့်ခန်းထဲကို တိုက်ရိုက် မသွားရဲဘူး၊ တိုက်ရိုက်သာ ဝင်လိုက်လို့ ပြူးပြူး ပြဲပြဲကြီးတွေ မြင်လိုက် ရရင် ငါလည်း နဂိုက ကြောက်တတ်ပါဘိသနှင့် ဆိုတော့ တိုက်ရိုက် မသွားဘူး၊ အိမ်ပြင်ဘက် ထွက်ပြီး ဧည့်ခန်းနား နှင်းဆီ ချုံကလေးဘက် ကွေ့၊ အဲဒီ နှင်းဆီ ချုံကလေးနား က နေပြီး ဝရန်တာပေါ် တွယ်တက်တာပဲ၊ တံခါးနားလည်း ရောက်ရော ဧည့်ခန်းထဲက တအင်းအင်းနှင့် ညည်းသံ ကြား ရတယ်၊ ခဏ ကြာတော့ တအစ်အစ်နှင့် ငိုသံလိုလို ဘာလိုလို ထွက်လာတယ်၊ အသံကတော့ မိန်းမသံလိုလို ဘာလိုလိုပဲ၊ ငါလည်း ဒူးတွေ ဘာတွေ တုန်ပြီး ကြောက်လှပြီ၊ ဒါပေမဲ့ အသံ ကြားတော့လည်း ကြည့်ချင်သေးတာကိုး၊ နောက်ဆုံး ဟယ် မထူးပါဘူး ဆိုပြီး အဲဒီ ဧည့်ခန်းက မှန်ပြတင်းပေါက် က နေပြီး ချောင်းလည်း ကြည့်လိုက်ပါရော–

မိချို ။ ။ (အံ့သြ ထိတ်လန့် စိတ်ဝင်စားလျက်) ဘာ မြင်ရသလဲ၊ ဘယ် လိုကြီးလဲ။

ဦးဖိုးလူ။ ။ အခန်းထဲမှာ မီးလည်း မရှိဘူး မှောင်လို့၊ ဒါပေမဲ့ ပြတင်း



mgyoe.com

mgyoe.com
SAMPLE BOOK

ပေါက်က လရောင်ကလေးက ထိုးဝင်နေတော့ ခပ်ဝါးဝါး မြင်ရတာပေါ့၊ ဆိုဖာပေါ်မှာ မည်းမည်းကြီး ငုတ်တုတ်ကြီး ထိုင်လို့၊ ငါလည်း ယောင်ပြီး အော်တော့မလို့၊ ဒါနှင့် နည်းနည်းလှုပ်လာလို့ သေသေချာချာ ကြည့်လိုက်တော့ တစ်ကောင်တည်း မဟုတ်ဘူးဗျ၊ တစ္ဆေမှ နှစ်ကောင်၊ နှစ်ကောင်၊ ငါ့ကို ကျောပေးပြီး ထိုင်လို့၊ ကြည့်ရတာကတော့ တစ္ဆေထီး နှင့် တစ္ဆေမ ပုံပဲ၊ တစ္ဆေမက တစ္ဆေထီး ရင်ခွင်ထဲ လှဲပြီး တအစ်အစ် ငိုနေတယ်၊ တစ္ဆေထီးက တစ္ဆေမကို ပွေ့ထားတယ်။

မိချို ။ ။ ဒါတော့ အဖေ့ စိတ်ထဲက ထင်နေလို့ ဖြစ်ပါလိမ့်မယ်၊ တစ္ဆေပဲ တစ္ဆေထီး တစ္ဆေမ ရှိသေးသလား။

ဦးဖိုးလူ ။ ။ ဟဲ့ ရှိတာပေါ့ဟဲ့၊ ဒါနှင့် ငါကလည်း အရက်ကလေး ထွေထွေနှင့် ဆိုတော့ ကြည့်ရင်း ကြည့်ရင်း နည်းနည်း ရဲလာပြီး ပြတင်းပေါက် မှန်နား မျက်နှာ ကပ်ပြီး ချောင်း တစ်ချက် ဟန့်လိုက်တယ်၊ ချောင်းလည်း ဟန့်လိုက်ရော–

မိချို ။ ။ ဟုတ် ခနဲ ပျောက်သွားရောလား။

ဦးဖိုးလူ ။ ။ ဘာပြောကောင်းမလဲ၊ တစ်ခါတည်း တစ္ဆေထီးနှင့် တစ္ဆေမလည်း ဖြုန်းဆို ထပြီး ငါ့ဘက်ကို လှည့်ကြည့်လိုက်တာပေါ့၊ အိုး အဲဒီတော့မှ မျက်နှာတွေ ဘာတွေပါ သေသေချာချာ မြင်ရတာကိုး၊ ငါလည်း ကြောက်ကြောက်နှင့် ကြည့်ရင်း ကြည့်ရင်း အမလေး အဲဒီတော့မှ ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်း ထလာပြီး–

မိချို ။ ။ အဖေက လန့် အော်ပြီး ပြေးရောလား။

ဦးဖိုးလူ ။ ။ ဘယ် အော်ရဲမလဲ၊ ငါ့ တစ်ကိုယ်လုံး ကျောက်ရုပ်ကြီးလို ဖြစ်ပြီး အော်လည်း မအော်ရဲ၊ ထွက်လည်း မပြေးနိုင်။

မိချို ။ ။ ဘယ်လိုများ မြင်ရလို့လဲ။

ဦးဖိုးလူ ။ ။ ဘယ်လို မြင်ရမလဲ၊ လက်စသတ်တော့ တစ္ဆေမက (ဘယ်ညာကို လှည့်ကြည့်ပြီး အသံ တိုးတိုးကလေးဖြင့်) လက်စသတ်တော့ တစ္ဆေမက မမရီဗျား။

မိချို ။ ။ မမရီ ဟုတ်လား။

ဦးဖိုးလူ ။ ။ တစ္ဆေထီးက ကိုကိုအေး ခင်ဗျ။

mgyoe.com

mgyoe.com
SAMPLE BOOK

မိချို ။ ။ မဟုတ်တာ အဖေရယ်။

ဦးဖိုးလူ ။ ။ ဩော် ဟုတ်သမှ ဆယ် ဘူတာတောင် လွန်သေး၊ လက်စ သတ်တော့ ည ည ဧည့်ခန်းထဲ လာ လာ ခြောက်နေတဲ့ တစ္ဆေက မိထွေးနှင့် လင်ပါသား ခင်ဗျ။

မိချို ။ ။ (ကြိုးစား၍ ဣန္ဒြေ ဆယ်လျက်) မိချိုတော့ မယုံပါဘူး အဖေ ရယ်၊ အဖေ မျက်စိ မှားလို့ ဖြစ်ပါလိမ့်မယ်။

ဦးဖိုးလူ ။ ။ မျက်စိ မှားနေတာက ငါ မဟုတ်ဘူး မိချို၊ မျက်စိ မှားနေတာ နင်၊ ဒါကြောင့်မို့ ကိုယ့် ဘာသာ ကိုယ် သတိ ထားပြီး ဆင် ဆင်ခြင်ခြင် နေဖို့ နင့်ကို ငါ ပြောနေတာ၊ ကိုယ့် ဘဝကို မမေ့ဖို့ သတိ ပေးနေတာ။

မိချို ။ ။ မိချိုတော့ အဖေ ပြောလို့သာ ကြားရတယ်၊ မယုံချင်သေးဘူး။

ဦးဖိုးလူ ။ ။ ကိုကိုအေးနှင့် မမရီဟာ ခြောက်နှစ် ခုနစ်နှစ်လောက်ပဲ ကွာ တယ် ဆိုတာကို နင် မေ့နေပြီ ထင်တယ်။

မိချိုသည် မယုံကြည်နိုင်ဘဲ ခေါင်းကို ဖြည်းညင်းစွာ ယမ်းနေသည်။

ဦးဖိုးလူ ။ ။ အေးလေ၊ ဒါကတော့ နင့် သဘောပဲ၊ ယုံချင် ယုံနိုင်တယ်၊ မယုံချင် နေနိုင်တယ်၊ ဒါပေမဲ့ နောက်ကျမှ ငါက မပြော မရှိ စေနှင့်၊ ငါ့ အထင်တော့ မမရီက နင့်ကို ခပ်မှုန်မှုန် ဖြစ်နေ တာကလည်း နင်က ‥ နင်က ‥။

မိချို ။ ။ (စကား လွှဲ၍) မမရီက အဖေသာ သူတို့ကို တကယ် မြင် သွားမှန်း သိရင် အဖေ့ကို အလုပ်က ထုတ်ပစ်လိုက်မှာပေါ့။

ဦးဖိုးလူ ။ ။ ဩော် ခက်ပါဘိ မိချိုရယ်၊ ငါကလည်း သူတို့ မြင်အောင် ကြာကြာ နေရဲပါတော့မလား၊ သူတို့မှန်းလည်း သိရော ငါ လည်း တစ်ခါတည်း သုတ်ခြေတင်ပြီး ပြန်ပြေးခဲ့တာပဲ။

မိချို ။ ။ အဖေ ဘယ်လိုပဲ ပြောပြော အဖေ မြင်သွားမှန်း သိရင်တော့ အဖေ့ကို အလုပ် ထုတ်ပစ်မှာပဲ၊ ဒီ အိမ်မှာ ဘယ် ထားတော့ မလဲ။

ဦးဖိုးလူ ။ ။ ငါမှန်း သိရင်တော့ ထုတ်ပစ်မှာပေါ့ဟ၊ ဒါပေမဲ့ သူ့ စိတ်ထဲ မှာတော့ ငါပဲလို့ ထင်နေပုံရတယ်၊ တစ်ခါတလေ ငါ့ကို အစ် အောက် စမ်းကြည့်ပေမဲ့ ငါကလည်း ဘာမှ မသိသလို နှုတ် ပိတ်ပြီး နေလိုက်တာပဲ၊ ခုတော့ နှစ်နှစ်လောက် ရှိသွားပြီ

mgyoe.com

mgyoe.com
SAMPLE BOOK

မဟုတ်လား၊ သူတို့လည်း အဲဒီ ညက ပြတင်းပေါက်နား လာပြီး ချောင်းဆိုးတဲ့ လူဟာ တစ္ဆေပဲ ထင်ပြီး မသိမသာ နေလိုက်ကြဟန် တူတာပဲ။

မိချို ။ ။ (တစ်ယောက်တည်း ပြောသည်။) မဖြစ်နိုင်ဘူး၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ ယုံလည်း မယုံဘူး။

ဦးဖိုးလူ ။ ။ မယုံနိုင်ဘူး ဟုတ်လား၊ အေး နင်သာ တကယ့် အဖြစ်တွေကို မယုံဘဲ စိတ်ကူးယဉ် အိပ်မက်တွေ ယုံနေ၊ ကိုယ်က ဘာလဲ၊ သူက ဘာလဲ၊ ကိုယ့် အဆင့်အတန်းက ဘယ်လောက်နိမ့်သလဲ၊ သူ့ အဆင့်အတန်းက ဘယ်လောက် မြင့်သလဲ ဆိုတာကို နင် သဘော မပေါက်သေးဘူး၊ ကိုကိုအေးလို မြေပိုင်ရှင် သူဌေးသား တစ်ယောက်ဟာ နင့်လို အစေခံ မိန်းကလေးကို အတည် ကြံတယ်များ အောက်မေ့နေသလား မိချို၊ ငါ့လို အဖေ လက်ထဲက လွတ်ရင် ပြီးရော ဆိုပြီး နင့်ကိုယ်နင်-

မိချို ။ ။ (စကား ဖြတ်၍) တော်တော့ အဖေ၊ မပြောနှင့်တော့၊ ဒီနေ့ အိမ်ကို အမေ လာမယ် ဆိုလို့ မိချို ပျော်ပျော်ရွှင်ရွှင် နေတာကို နည်းနည်းကလေး ဖြစ်ဖြစ် စိတ် အနှောင့်အယှက် ဖြစ်ရင် ပြီးရော ဆိုပြီး မဟုတ်တမ်းတရားတွေ ပြောနေတာပဲ၊ အဖေဟာ အမေ လာမယ့် နေ့ကျမှ အားလုံး စိတ်မကောင်းအောင် လုပ်တယ်။

ဦးဖိုးလူ ။ ။ မိချို နင်ဟာ ငါ့အပေါ်မှာ တစ်စက်ကလေးမှ အကောင်း မထင်ပါလား မိချို၊ အေး ငါကတော့ မှန်ရာကို ပြောတာပဲ၊ မယုံချင်လည်း နေပေါ့၊ ဘယ်တတ်နိုင်မလဲ။

မိချိုကို တစ်ချက် လှမ်းကြည့်လိုက်ပြီး မှန်စားပွဲဆီသို့ သွားကာ ကျွမ်းကျင်သော လက်များဖြင့် ငွေ စီးကရက်ဘူးထဲမှ စီးကရက်များကို သူ့ အိတ်ထဲသို့ ထည့်လိုက်သည်။

မိချို ။ ။ (ဦးဖိုးလူအား အေးစက်စွာ ကြည့်ရင်း) အဖေ ပြောစရာ ကုန်ပြီ ဆိုရင် မိချို သွားတော့မယ်။

မိချို ဆေးပန်းကန်ကို ကောက်ယူကာ ထွက်ရန် ဟန်ပြင်သည်။

ဦးဖိုးလူ ။ ။ ခဏ နေဦး မိချို၊ ပြောစရာ မကုန်သေးဘူး၊ ဒီနေ့ နင့် အမေ ဒီအိမ်ကို လာမယ်နော်။

mgyoe.com

mgyoe.com SAMPLE BOOK

မိချို ။ ။ (မျက်နှာ ပျက်လျက်) ဘာ‥။

ဦးဖိုးလူ ။ ။ သြော် သဘော်ဆိပ်ကနေပြီး ဒီကို တန်းလာမှာလို့ ပြောတာ။

မိချို ။ ။ အဖေက ဘာဖြစ်လို့ ဒီကို အလာ ခိုင်းတာလဲ အဖေရယ်၊ သိပ် ခက်တာပဲ၊ အိမ် သွားပါစေလား၊ အစ ကတည်းက မိချို သူများ အိမ်မှာ အစေခံ လုပ်တာကို အမေက သဘော မတူဘူး မဟုတ်လား၊ ပြီးတော့လည်း ညနေ အိမ် ပြန်ရင် တွေ့မယ့် ကိစ္စ၊ ဘာဖြစ်လို့ ဒီကို အလာ ခိုင်းရတာလဲ။

ဦးဖိုးလူ ။ ။ ဟ ဒါ ငါက အလာ ခိုင်းတာမှ မဟုတ်ဘဲ၊ နင့် မမရီ ကိုယ်တိုင်က မိချို အမေ လာရင် ဒီကို ခေါ်ခဲ့စမ်းပါ ဦးဖိုးလူ ရယ်လို့ မှာထားတာကိုး။

မိချို ။ ။ မမရီက အခေါ် ခိုင်းတယ် ဟုတ်လား။

ဦးဖိုးလူ ။ ။ အေး ဟုတ်တယ်၊ (ခပ်ဖုံးဖုံးဖြင့်) နည်းနည်းတော့ ဆန်းတယ် လို့ ငါလည်း အထင်သား၊ မမရီက နင့် အမေနှင့် သိလည်း မသိ၊ မြင်လည်း မမြင်ဖူးဘဲနှင့် စကား ပြောစရာ ရှိလို့ ဒီကို ခေါ်လာပါလို့ ပြောတာပဲ၊ နည်းနည်းတော့ ဆန်းတယ်။

မိချို ။ ။ အဖေက ပြောစရာရှိ မြို့စိ မြို့စိ မလုပ်စမ်းပါနှင့် အဖေ၊ မိချို မကြိုက်ဘူး၊ အဖေ ပြောလိုက်ရင် မရှင်း မရှင်းချည်းပဲ။

ဦးဖိုးလူ ။ ။ မမရီဟာ ဘယ်သူ့မှ အတွေ့ မခံဘဲ သူ့ အခန်းထဲမှာ အောင်း ပြီး နေမကောင်းချင်ယောင် ဆောင်နေတယ် ဆိုတာ နင် သတိ ထားမိရဲ့လား။

မိချို ။ ။ အို ဒါကတော့ အိမ်မှာ ဖေဖေကြီး ရှိရင် မမရီဟာ ဒီလို နေနေကျပဲ။

ဦးဖိုးလူ ။ ။ ဒီ တစ်ခါ နည်းနည်း ထူးခြား မနေဘူးလား။

မိချို ။ ။ ဘယ်လို ထူးခြားတာလဲ။

ဦးဖိုးလူ ။ ။ အဲဒါတွေ ခက်တာပဲ မိချို၊ ဒီ အိမ်မှာ ဘာတွေ ဖြစ်နေသလဲ ဆိုတာ နင် နည်းနည်းလေးမှ သတိ မထားမိဘူးလား မိချို၊ ကိုကိုအေးကရော ဘာမှ မပြောပြဘူးလား။

မိချို ။ ။ ဟင့်အင်း၊ ဘာမှ မပြောဘူး၊ မိချို သိသလောက်တော့ ကိုကို အေးနှင့် မမရီ သိပ် စကား မပြောကြတာ ခြောက်လလောက် ရှိပြီ ထင်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဦးဖိုးလူ ။ ။ အေး အဲဒါပဲ၊ ဒီ အတွင်းမှာ မမရီကရော နင့်အပေါ်မှာ ဘယ်လို ဆက်ဆံသလဲ။

မိချို ။ ။ ခုတလော အရင်ကထက်တောင် အရေး ပေးသေးတယ်။

ဦးဖိုးလူ ။ ။ အဲ ငါ ထင်ရင် ဘယ်တော့မှ မလွဲဘူး၊ မှတ်ထား၊ နားထောင်၊ ငါ ပြောပြမယ်၊ ငါက နင့်ကို ဒီ အိမ်မှာ အမြဲတမ်း အလုပ်လုပ်စေချင်တယ် ဆိုတာ မမရီ သိတယ်၊ နင့် အမေကတော့ အစ ကတည်းက ဒီ အလုပ်ကို သဘော မတူဘူး မဟုတ်လား၊ အဲဒါ နင့်ကို ဒီ အိမ်က ပြန်ခေါ်သွားအောင် နင့် အမေကို ပြောမလို့ သိရဲ့လား။

မိချို ။ ။ (အသံ တိုးတိုးဖြင့်) ဟင် မမရီက မိချိုကို ဒီ အိမ်မှာ မထားချင်ဘူး ဟုတ်လား၊ ဘာ‥ ဘာဖြစ်လို့တဲ့လဲ အဖေ။

ဦးဖိုးလူ ။ ။ ဒါကတော့ ငါ ပြောစရာ မလိုပါဘူး မိချို၊ နင် ကောင်းကောင်း သိပါတယ်။

မိချို ။ ။ (ထပ်၍) မမရီက အမေ့ကို ဘာကြောင့် ဒီ ခေါ်ပြီး တွေ့ချင်တာလဲ အဖေ ဟင်။

ဦးဖိုးလူ ။ ။ တစ်ခုခု ပြောစရာ ရှိလို့ နေမှာပေါ့။

မိချို ။ ။ (အကြောင်းရင်းကို သိ၍ နားလည်သွားကာ) အို ဘာကိစ္စကြောင့်ပဲ လာလာ မိချို သူများ အိမ်မှာ အစေခံ လုပ်နေတာကိုတော့ အမေ မြင်မသွားစေချင်ဘူး အဖေ၊ အမေ့ကို မိချို သနားတယ်၊ အမေ စိတ် မကောင်းအောင် မိချို မလုပ်ချင်ဘူး၊ (မိချို ဝမ်းနည်းကာ မျက်ရည် ကျလာသည်။) အဖေပဲ စဉ်းစားကြည့်ပါ အဖေ၊ ခုဆိုရင် အမေ သန်လျင် တောရကို သွားတာ နှစ်နှစ် ပြည့်တော့မယ်၊ မိချိုကို ထားခဲ့တုန်းက ဒီ အိမ်မှာ အလုပ် မလုပ်ခိုင်းဘဲ အဖေကပဲ ကြည့်ရှု စောင့်ရှောက်လိုက်ပါလို့ တဖွဖွ ပြောသွားခဲ့တယ် မဟုတ်လား၊ အမေ တဖွဖွ ပြောခဲ့တဲ့ ကြားက အဖေ ဇွတ်အတင်း ခိုင်းလို့ မိချို ဒီ အိမ်မှာ လာပြီး အလုပ် လုပ်ခဲ့ရတယ်၊ မိချို ဒီမှာ အစေခံ လုပ်နေတာကို အမေ ခုထက်ထိ မသိရှာဘူး၊ သိများ သိရင် ရင်ကွဲမှာပဲ၊ (မိချို စားပွဲပေါ်တွင် ခေါင်းတင်၍ ငိုလိုက်သည်။) အမေရေ၊ သမီး ဒုက္ခကို အမေ မမြင်စေချင်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးဖိုးလူ ။ ။ (မိချို ကျောကို ပွတ်လျက်) တိတ်ပါ သမီးရယ်၊ အဖေ တစ်ယောက်လုံး ရှိပါသေးတယ်၊ အဖေ့ သမီးကို အဖေ ချစ်တယ်၊ ဘာမှ တွေးပူမနေပါနှင့်၊ မမရီကလည်း သမီးကို အလုပ်က ထုတ်မပစ်နိုင်ပါဘူး၊ ဒီ အိမ်မှာ မမရီ ကြောက်ရမယ့် လူ တစ်ယောက် ရှိပါသေးတယ်။

မိချို ။ ။ မမရီက ဘယ်သူ့ကိုများ ကြောက်ရဦးမှာလဲ အဖေ၊ ဒီ အိမ်မှာ သူ့လက် သူ့ခြေချည်းပဲ မဟုတ်လား။

ဦးဖိုးလူ ။ ။ မမရီ ကြောက်ရမယ့် လူက တခြားလူ မဟုတ်ဘူး မိချို၊ အဖေ အဖေ၊ အဖေ့ကို သူ ကြောက်တယ်၊ တစ္ဆေထီးနှင့် တစ္ဆေမ အကြောင်းကို သမီး မေ့သွားပြီလား၊ မနေ့က သူ့ အမေ လာလို့ မိချိုကို တစ်ရက်လောက် အနား ပေးပါလို့ အဖေ သွားပြောတော့ ခွင့်ပေးရုံတင်မကဘူး သမီး အမေကိုလည်း ဒီအိမ်ကို အလည် ခေါ်ခဲ့ပါလို့ မှာလိုက်သေးတယ်၊ သူ ဒီလောက် အခြေ ပျက်နေရင် အဖေလည်း ဒီလောက်တော့ လူကဲ ခတ်တတ်ပါသေးတယ် သမီးရယ်၊ သူ့ကို အဲဒီ ညက တစ္ဆေထီးနှင့် တစ္ဆေမ အကြောင်း အစွန်းအစလောက် ဖွင့်ပြောလိုက်ရင် သူ အဖေ့ကို အာမခံရဲပါဘူး၊ အာခံရင် အကြောင်း သိသွားမှာပေါ့၊ ဟင်း ဖိုးလူတဲ့ ဘာရမလဲ၊ အဖေ့ကိုများ ယီးတီးယားတား လုပ်ရင် အဲဒီ ညက အကြောင်းကို ဆရာကြီးကို ဖွင့်ပြော ချလိုက်မှာပဲ၊ သမီးနှင့် မတွေ့ခင် အဖေနှင့် အရင် တွေ့ကြဦးမှာပေါ့။

မိချို ။ ။ (မော်ကြည့်လျက်) ဒီလိုလည်း မလုပ်လိုက်ပါနှင့် အဖေရယ်။

ဦးဖိုးလူ ။ ။ ဆရာကြီး တစ်ယောက်က လွဲလို့ ဒီအိမ်မှာ အဖေ ဘယ်သူ့မှ မကြောက်ဘူး၊ ဂရုလည်း မစိုက်ဘူး၊ ဘာမှ မပူနှင့် သမီး၊ အဖေ တစ်ယောက်လုံး ရှိတယ်၊ ပြောလို့သာ ပြောရတာပါလေ၊ မမရီကလည်း သမီးကို ခေါ်သွားဖို့ သမီး အမေကို ပြောချင်မှ ပြောမှာပါ၊ သမီး အမေက ဝိပဿနာလေး ဘာလေး ဟောတတ်လို့ အခေါ် ခိုင်းတာလည်း ဖြစ်ချင် ဖြစ်မှာပါ။

မိချို ။ ။ (နားစွင့်လိုက်ပြီး) ရှူး ထမင်းစားခန်းထဲက ချောင်းဆိုးသံ ကြားတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဦးဖိုးလူ ။ ။ (နားစွင့်လျက်) မမရီ ထင်တယ်၊ (ထမင်းစားခန်း တံခါးဆီသို့ သွား၍ သော့ပေါက်မှ ချောင်းကြည့်ပြီး ခပ်သုတ်သုတ် ပြန်လာသည်။) ဟုတ်တယ်ဟေ့ မမရီရယ်၊ ဒီနေ့ အောက်ထပ်တွေ ဘာတွေ ဆင်းလို့ ထူးထူးဆန်းဆန်းပဲဟေ့၊ ဘာမှ ဣန္ဒြေမပျက်နှင့်နော်၊ ပြီးတော့ သူ့ကို ဘာအကြောင်းမှလည်း သွားမပြောနှင့်၊ အဖေလည်း ခပ်တည်တည် လုပ်နေမယ်။

မိချို ။ ။ အင်းပါ အဖေရယ်၊ အမေ ဒီအိမ်ကို ရောက်လာရင်သာ မိချိုကို ပြောစမ်းပါ။

ဦးဖိုးလူ ။ ။ အေး အေး ပြောမယ်၊ မမရီ လာရင် ဟိုအကြောင်းတွေကို ဘာမှ မသိချင်ဟန် ဆောင်နေနော် ကြားလား။ (ဗဟို တံခါးမဆီသို့ ထွက်သွားရာမှ သမင် လည်ပြန် ကြည့်၍) ပြီးတော့ မမရီ နေထိုင်ကောင်းရဲ့လားလို့ အဖေကလည်း တဖွဖွ မေးနေတယ်လို့။

ဦးဖိုးလူ ဗဟို တံခါးမကြီးမှ အပြင်သို့ ခပ်သုတ်သုတ် ထွက်သွားသည်။

မိချို ဆေးပန်းကန်ကို ကောက်ယူကာ ထမင်းစားခန်းဘက်သို့ ထွက်သွားသည်။ ထမင်းစားခန်းနား မရောက်ခင် ထမင်းစားခန်း တံခါး ပွင့်လာကာ မမရီ ထွက်လာသည်။ မမရီမှာ ပြတ်ပြတ်သားသား လုပ်တတ်သော မိန်းမမျိုး ဖြစ်သည်။ အသားမှာ ဖြူနုနေသည်။ အသား ဖြူဖြူနှင့် နီပြေပြေ ဆိုးထားသော နှုတ်ခမ်းသည် ထင်းခနဲ ပေါ်နေသည်။ သူ၏ ရွှန်းစို နက်မှောင်သော မျက်လုံးကြီးများနှင့် သွယ်တန်းသော နှာတံသည် အလှ ဧကရီအား သရဖူကို ဆောင်းပေးလိုက်သည်။

သို့ရာတွင် မမရီ၏ အလှမှာ ကြောက်စရာ ကောင်းသော အလှမျိုး ဖြစ်သည်။ ရှည်လျားသော မျက်တောင် ဖားဖားကြီးများ အောက်မှ မျက်လုံးများသည် စိတ် မချမ်းမြေ့စရာ ပုံပြင် တစ်ခုကို ပြောပြနေသလို ထင်ရသည်။

တစ်ခါတစ်ရံတွင် မမရီ၏ နှလုံးအိမ်တွင် တငွေ့ငွေ့ လောင်နေသော မီးသည် ဟုန်းခနဲ ထတောက်သော အခါများ၌ မမရီ၏ မျက်လုံးများသည် တဝင်းဝင်း တောက်ကာ စိတ် မထင်လျှင် မထင်သလို ရက်ရက်စက်စက် လုပ်မည့် အသွင်သဏ္ဍာန် ပေါ်နေသည်။ ခပ်မဲ့မဲ့ကလေး ဖြစ်နေသော နှုတ်ခမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ်မှ အပြုံးသည် စိတ်ထဲတွင် နာကြည်းဖွယ် ကောင်းလှသော ခံစားမှု တစ်ရပ်ကို ကြိတ်မှိတ်၍ အောင့်အည်းရင်းဖြင့် မချိတင်ကဲ ပြုံးထားရသော အပြုံးမျိုး ဖြစ်သည်။ ချောင်းဆိုးသည့် အခါများတွင် မမရီသည် သေးသွယ် ဖြူဖွေးသော လက်ချောင်းများဖြင့် လှိုင်းထသလို ကြွနေသော ရင်အုံကို ဖိထားတတ်သည်။ ချောင်းဆိုးပြီးလျှင် မမရီသည် အသက်ကို လေးလေး ရှူကာ ချောင်းဆိုးသဖြင့် ပန်းနုသွေး ကြွနေတတ်သော မျက်နှာကို လက်ချောင်းများဖြင့် ပွတ်သပ်နေသည်။

မမရီကို ကြည့်လျှင် အချစ် ငတ်မွတ်နေသူ၊ ရမ္မက် ပြင်းပြသူဟု ချက်ချင်း သိနိုင်သည်။ သူ နှစ်သက်သူနှင့် တွေ့လျှင် မမရီ၏ မျက်နှာသည် ပြုံးရွှင်လာကာ ပါးချိုင့်ကလေးများ ပေါ်လာသည် အထိ ချိုမြနေတတ်သည်။ ထိုအခါများ၌ မမရီသည် ရွှေရင်သိမ်းသစ် အရွယ်လို နုနယ် ပျိုမျစ်နေတော့သည်။

သည်အခါကျတော့မှ မမရီ၏ ပြုမူ ပြောဆိုနေဟန်များသည် ပုံမှန်သို့ ပြန်ရောက်လာကာ ချစ်စရာ ကောင်းသော သူလိုကိုယ်လို မိန်းမ တစ်ယောက်၏ ပုံသို့ ပြန်ရောက်လာသည်။ မမရီသည် ချစ်လျှင်လုံးလုံး၊ မုန်းလျှင်လျားလျား ဆိုသည့် အထဲက ဖြစ်သည်။ အပြင်ပန်းအားဖြင့် တည်ကြည် အေးဆေးဟန် ရှိသလောက် အတွင်းတွင် ထက်မြက် ပြင်းထန်သူ ဖြစ်သည်။

မမရီသည် အသွား အလာတွင်လည်း ငြိမ်သက် သိမ်မွေ့လှသည်။ မမရီ သွားလာပုံများသည် နွေဦး ကြွေရွက်ကလေး တစ်ရွက် လွင့်ပျံ ဝဲကျလာသလို ပင် ကြည့်၍လည်း ကောင်းသည်။ ငြိမ်လည်း ငြိမ်သက်သည်။

သူ့ ဘဝ နွေဦးသည် ချုပ်ငြိမ်း၍ သူ့ ဘဝ ညနေခင်းသည် တဖြည်းဖြည်း ရောက်လာပြီကိုလည်း မမရီသည် ရိပ်စားမိဟန် တူသည်။

မမရီသည် ရဲနေသော အနီရောင် ဇာနိုင်လွန်ကို ဝတ်ထားပြီး ပန်းပွင့် အဖြူ သေးသေးကလေးတွေ ဖော်ထားသော တူတယ် လုံချည် အနက်ကို ဝတ်ထားသည်။

မမရီသည် အခန်းထဲသို့ ဝင်လာလာချင်း မိချိုကို တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။

မိချို ။ ။ ဟင် မမရီ၊ ဘာလို့ အောက်ထပ် ဆင်းလာသလဲ မမရီ၊ ခုပဲ မိချို ဆေးပန်းကန် ယူပြီး လာတော့မလို့။

မမရီ ။ ။ စာကြည့်ခန်းထဲမှာ အစ်ကိုကြီး ရှိသလား မိချို။

mgyoe.com

mgyoe.com
SAMPLE BOOK

မိချို ။ ။ ရှိပါတယ် မမရီ၊ ညွှ်သည် တစ်ယောက်နှင့် စကား ပြောနေပါတယ်။

မမရီ ။ ။ ဘယ်က ဧည့်သည်လဲ။

မိချို ။ ။ စောစောတုန်းကတော့ သာယာဝတီ ရာဇဝတ် ဝန်ကြီးနှင့် စကား ပြောနေပါတယ်၊ ခုတော့ ဘယ်သူ ရောက်နေမှန်း မိချို လည်း မသိပါဘူး၊ မိချို သွားကြည့်ပေးရမလား မမရီ။

မမရီ ။ ။ ဟင့်အင်း နေပါစေတော့၊ (မမရီ အခန်း ပတ်ပတ်လည်ကို လှမ်းကြည့်နေသည်။) ငါ ဆယ်ရက်လောက် အောက်ထပ် မဆင်းလိုက်တာ အခန်းထဲမှာ တစ်မျိုး ဖြစ်နေပါလား။

မိချို ။ ။ ဟုတ်ပါတယ် မမရီ၊ အခန်းထဲမှာ အရင်တုန်းကလို ကုလား ထိုင်၊ စားပွဲတွေ နေရာ ချထားပုံကို ဖေဖေကြီးက မကြိုက်ဘူး လို့ ပြောလို့ ကုလားထိုင်၊ စားပွဲတွေကို ဖေဖေကြီး သဘော ကျ ပြင်ပြီး နေရာ ချထားရပါတယ်။

မမရီ ။ ။ (လက်ယာဘက်က ဗီရိုကို သေသေချာချာ ကြည့်ကာ) ဒီ ဗီရို ကြီးကလည်း အရင် နေရာ ပြန်ရောက်နေပြီနော်၊ ပြီးတော့ မှန်ကိုလည်း ဘာဖြစ်လို့ အဝတ် အုပ်ထားရသလဲ။

မမရီ ချောင်းဆိုးရင်း ဆိုဖာပေါ် ထိုင်ချလိုက်သည်။

မိချို ။ ။ ဖေဖေကြီးက မိုး ခြိမ်းရင် မှန် အုပ်ထားရမယ်လို့ အမိန့် ပေး ထားပါတယ်၊ မမရီ ကြည့်ရတာ ကောင်းကောင်း နေမကောင်း သေးဘူး ထင်ပါတယ် မမရီ၊ အပေါ်ထပ် အိပ်ခန်းထဲ ပြန်ပြီး လှဲနေဖို့ မိချို သွားပြင်ထားရမလား မမရီ။

မမရီ ။ ။ နေပါစေကွယ်၊ အပေါ်ထပ်မှာ လှောင်လွန်းလို့။

မမရီ ချောင်းဆိုးသည်။

မိချို ။ ။ မမရီ ကောင်းကောင်း နေမကောင်းလို့ အပေါ်ထပ် အိပ်ရာထဲ မှာပဲ အေးအေးဆေးဆေး နေပါစေလို့ ဖေဖေကြီးက မှာထား ပါတယ်။

မမရီ ။ ။ ဟဲ့ ငါမှ အိပ်ရာထဲ လှဲမနေချင်ဘဲ၊ ဘယ့်နှယ် လုပ်မလဲ၊ ဪ ဒါထက် မိချို၊ နှင့် ဖေဖေကြီး လက်ပံတန်းက ဘယ် တုန်းက ပြန်လာသလဲ။

မိချို ။ ။ သုံးရက်လောက် ရှိသွားပါပြီ မမရီ၊ ဖေဖေကြီး ပြန်ရောက်

mgyoe.com

mgyoe.com SAMPLE BOOK

တော့ တော်တော် ညဥ့်နက် နေပါပြီ၊ မမရီကို လာကြည့်ပြီး နေမကောင်းဘူး၊ မမရီကို ဘာမှ အနှောင့်အယှက် ဖြစ်အောင် မလုပ်ရဘူးလို့ ပြောပြီး ဖေဖေကြီး အောက်ထပ် သူ့ အခန်းမှာ ဆင်းအိပ်ပါတယ်။

မမရီ ။ ။ ဒီ သုံးရက် အတွင်း ငါဖြင့် နင့်ဖေဖေကြီးကို တစ်ခါမှ မတွေ့ ပါလား၊ နေ့လယ် နေ့ခင်းကျလည်း မရှိဘူး။

မိချို ။ ။ ပြန်ရောက် ကတည်းက နေ့တိုင်း အစည်းအဝေး တက်နေရ ပါတယ်၊ ဖေဖေကြီး ပြန်ရောက်တော့လည်း မမရီက အိပ်ပျော် နေပါပြီ။

မမရီ ။ ။ (မထူးခြားဟန်ဖြင့်) ဩော် ဩော်၊ ဟင် အောက်ထပ်မှာလည်း လှောင်နေတာပါပဲလား။

မိချို ။ ။ ဟုတ်ပါတယ် မမရီ၊ မနက် လင်းကတည်းက မိုးကြီး အုံ့ပြီး အိုက်စပ်စပ် ဖြစ်နေပါတယ်၊ ရေဒီယိုကလည်း မိုး ထစ်ချုန်း ရွာမယ်လို့ ကြေညာထားပါတယ်။

မမရီ ။ ။ ယပ်တောင် တစ်ချောင်း ယူခဲ့စမ်း မိချို၊ ငါတော့ ကျပ်ပြီး အသက် ရှူလို့တောင် မရဘူး၊ တစ်မျိုးကြီးပဲ။

မိချို မြက် ယပ်တောင် တစ်ချောင်းကို ယူပေးသည်။

မမရီသည် မိချိုကို ခေတ္တမျှ စူးစိုက် ကြည့်လိုက်ပြီးနောက် မျက်နှာကို တမင် လွှဲထားသည်။

မမရီ ။ ။ ကိုကိုအေးကော မမြင်တာ ကြာပါရောလား။

မိချို ။ ။ ရှိပါတယ် မမရီ၊ အလုပ် များနေတယ် ထင်ပါတယ်။

မမရီ ။ ။ လက်ပံတန်းက နောက်ထပ် ဆန်စက် တစ်လုံးကို ကိုကိုအေး သွားတည်မယ်လို့ ကြားတယ်၊ ဟုတ်လား မိချို။

မိချို ။ ။ မိချိုတော့ မသိပါဘူး။

မမရီ ။ ။ တစ်စွန်း တစ်စမှ မကြားမိဘူးလား။

မိချို ။ ။ မကြားမိပါဘူး မမရီ၊ နောက်ဖေး တန်းလျားက ဒရိုင်ဘာ ကိုဖိုးထင်ကိုတော့ ပစ္စည်းတွေ အဝယ် လွှတ်တာ မြင်တာပဲ။

မမရီ ။ ။ နင့် အဖေကော ခု ဘာလုပ်နေသလဲ။

မိချို ။ ။ ခုနကတော့ ခြံထဲ ဆင်းသွားပါတယ်၊ မမရီ နေကောင်းပြီ လားလို့တောင် မေးသွားပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

မမရီ ။ ။ ဦးဖိုးလူကတော့ အလိုက် သိတတ်တယ်၊ (ခေတ္တမျှ စကား ပြတ်သွားပြီးမှ ရုတ်တရက် ကောက်၍) ဒါထက် သူ အိပ်နေတယ် ထင်တယ်၊ ဟုတ်လား။

မိချို ။ ။ ဘယ်သူပါလဲ မမရီ။

မမရီ ။ ။ (မိချို၏ မေးခွန်းကြောင့် မျက်နှာ ပျက်သွားသည်။ သို့ရာတွင် ချက်ချင်း ဣန္ဒြေဆည်ကာ) ဟို..ဟို ကိုကိုအေးလေ။

မိချို ။ ။ မိချို မသိပါဘူး မမရီ။

မမရီ ။ ။ (မိချိုကို ဖျတ်ခနဲ ကြည့်၍) ညည်း မသိဘူးလားအေ့။

မိချို ။ ။ ကိုကိုအေးနှင့်ကို မတွေ့ပါဘူး မမရီ။

မမရီ ။ ။ မနေ့ ညကကော သူ ဘယ် အချိန်မှ အိမ် ပြန်လာသလဲ။

မိချို ။ ။ (ရှက်သွေး ဖြာလျက်) မိချို မသိပါဘူး၊ မိချို ညတိုင်း အိမ် ပြန်အိပ်ပါတယ်။

မမရီ ။ ။ ညတိုင်း အိမ်ပြန်အိပ်တယ်၊ ဟုတ်လား၊ အစ်ကိုကြီး ဒီမှာ ရှိနေတုန်း ညည်း ပြန်အိပ်ရင် အစ်ကိုကြီး လက်တိုလက်တောင်း လုပ်ပေးမယ့်သူ ဘယ်သူ ရှိတော့လို့လဲ။

မိချို ။ ။ မမရီက အိမ် ပြန်အိပ်ရမယ်လို့ ပြောလို့ မိချို အိမ် ပြန်အိပ်တာပါ။

မမရီ ။ ။ အို ငါ ပြောတုန်းက အစ်ကိုကြီးက အိမ်မှာမှ မရှိဘဲ၊ လက်ပံတန်း သွားနေတယ် မဟုတ်လား။

မိချို ။ ။ ပြီးတော့ ဖေဖေကြီးကလည်း သူ့ အလုပ်တွေ မိန်းကလေး လုပ်တာ မကြိုက်လို့ပါ။

မမရီ ။ ။ သြော် သြော် ဒီလိုဆိုလည်း ပြီးရော၊ (မိချိုကို ရုတ်တရက် မော့ကြည့်လျက်) သူ ဘယ်တော့ လက်ပံတန်း သွားမယ်တဲ့လဲ၊ ခု လောလောဆယ်တဲ့လား။

မိချို ။ ။ (ကြောက်ရွံ့စွာဖြင့်) ကိုကိုအေးကို ပြောတာလား မမရီ။

မမရီ ။ ။ (မိချိုကို မနှစ်သက်သလို စိန်းစိန်း ကြည့်၍) ဟုတ်တယ်။

မိချို ။ ။ မိချိုတော့ ဘာမှ မကြားမိပါဘူး၊ (ခပ်ဆိုင်းဆိုင်းဖြင့်) ပြီးတော့ ပြီးတော့ ကိုကိုအေးကလည်း မနက် နှစ်နာရီ သုံးနာရီလောက်မှချည်း အိမ်ကို ပြန်လာတယ်လို့ နောက်ဖေး တန်းလျားက ပြောပါတယ်၊ အဖေကတောင် ခု မနက် နှစ်နာရီ သုံးနာရီ ထ

mgyoe.com

mgyoe.com
SAMPLE BOOK

ထပြီး ကိုကိုအေး အတွက် ဝင်းတံခါး ဖွင့် ဖွင့်ပေးရလို့ ညည်း နေပါသေးတယ်။

မမရီ ။ ။ ခု သူ သောက် သောက်လာသေးသလား။

မိချို ။ ။ မိချို ကောင်းကောင်း မသိပါဘူး၊ (စကား လမ်းလွဲရန် ကြိုးစားလျက်) ဆေး သောက်တော့မလား မမရီ။

မမရီ ။ ။ ဘာ ဆေးလဲ၊ ဘယ်သူက တိုက်ခိုင်းလို့လဲ။

မိချို ။ ။ ဖေဖေကြီးက ဆေးဝယ်ပြီး တိုက်ရမယ်လို့ ပြောထားပါတယ်။

မမရီ ။ ။ နေစမ်းပါဦး၊ ငါ့ကို ဘယ် ဆရာဝန်မှလည်း လာ မကြည့်ဘဲနှင့် ဘယ်သူက ဘယ်ဆေး တိုက်ရမယ်လို့ ပြောသလဲ။

မိချို ။ ။ ဖေဖေကြီးက မမရီ နှလုံး ရောဂါ ပြန်ထတာပဲလို့ ပြောပြီး အရင် တစ်ခါ နေမကောင်းတုန်းက ဆရာဝန် ပေးခဲ့တဲ့ ဆေးညွှန်း အတိုင်း ဆေး ဝယ်ခိုင်းလိုက်ပါတယ်။

မမရီ ။ ။ ခု ဆေး ဘယ်မှာလဲ။

မိချို ။ ။ ရှိပါတယ် မမရီ၊ အဆင့်သင့် လုပ်ထားပါတယ်။

မိချို ဆေးပန်းကန်နှင့် ရေခွက်ကို လှမ်းပေးသည်။

မမရီ ။ ။ (ဆေးရည်ကို တစ်ငုံလောက် ငုံလိုက်ပြီး) အား ခါးလိုက်တာ၊ ဒီ ဆေးမှုန့်ကို ဘယ်သူ ဖျော်တာလဲ။

မိချို ။ ။ မိချို ဖျော်တာပါ။

မမရီ ။ ။ ခါးလိုက်တာကလည်း အန်လို့၊ သွန်ပစ်လိုက်၊ သွန်ပစ်လိုက်၊ ငါ မသောက်နိုင်ဘူး။

မိချို ။ ။ နှမြောစရာကြီး မမရီ။

မမရီ ။ ။ (ဆေး မသောက်လျှင် ဦးထွန်းမင်း စိတ်ဆိုးတတ်သည်ကို သတိရ၍) သွန်မပစ်ချင်ရင်လည်း စားပွဲပေါ်မှာပဲ ပြန်ထားလိုက်၊ အို ရှုပ်ပါတယ်၊ သွန်သာ ပစ်လိုက်ပါ။

မိချို ။ ။ (ခပ်ဆိုင်းဆိုင်းဖြင့်) ဟုတ်ကဲ့ မမရီ။

မမရီ ။ ။ ဒီလောက် ခါးအန်နေတဲ့ ဆေးကြီးကို သောက်လာရတာလည်း ကြာလှပြီ၊ တော်ပြီ၊ နောက်ထပ် မသောက်ချင်တော့ဘူး၊ ရောဂါလည်း မပျောက်ချင် နေပါစေတော့။

မိချို ။ ။ (ဆေးပန်းကန်ကို ယူရင်း) မမရီ သောက်ရင် သောက်လိုက်ပါလား၊ မမရီ ဆေး သောက်တော့ ရောဂါ ပျောက်တာပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK

မမရီ ။ ။ (ဝုန်းခနဲ ဒေါ်ပွလျက်) နေစမ်းပါဦး၊ ညည်းကို ဘယ်သူက အကြံဉာဏ် တောင်းနေလို့လဲ၊ သွား သွန်ပစ်လိုက်၊ ငါ့ကို ဆရာ လာလုပ် မနေနှင့်၊ (ပြီးမှ သူ့ စကား လွန်သည်ကို သတိ ရလျက်) ဒီ တစ်ခေါက် လက်ပံတန်းက ပြန်လာတော့ အစ်ကိုကြီး နည်းနည်း ပိန်သွားတယ် ပြောတယ်၊ ဟုတ်လား။

မိချို ။ ။ ဟုတ်ကဲ့၊ နည်းနည်း ပိန်သွားပါတယ်၊ အသားလည်း နည်းနည်း မည်းလာပါတယ်၊ လက်ပံတန်း ဆန်စက်က အလုပ်သမားတွေ သပိတ် မှောက်လို့ ဖေဖေကြီး စိတ်ဆိုးနေတယ်လို့လည်း ကြား ပါတယ်။

မမရီ ။ ။ တော်တော် စိတ်ဆိုးနေသလား။

မိချို ။ ။ ကြည့်ရတာတော့ ခါတိုင်းလိုပါပဲ၊ ဒါပေမဲ့ ဧည့်သည်တွေနှင့်ပဲ စကား ပြောပါတယ်၊ အိမ်သားတွေချည်း ဆိုရင် ဘယ်သူ့မှ စကား မပြောပါဘူး။

မမရီ ။ ။ ကိုကိုအေးနှင့် ကိုကိုထွေးကိုရော စကား မပြောဘူးလား။

မိချို ။ ။ မပြောပါဘူး၊ ကိုကိုအေးနှင့်တော့ ကိုကိုအေးက မေးမှပဲ ခေါင်း ညိတ်ပြ ခေါင်း ယမ်းပြတာလောက်ပဲ ရှိပါတယ်၊ ကိုကိုထွေး တစ်ယောက်ပဲ ကျောင်းစာ လိုက်နိုင်ရဲ့လား ဘာလားနှင့် မေး ပါတယ်၊ ကိုကိုထွေး ဆိုလို့ ခုမှ အမှတ်ရတယ်၊ မနက်က ကိုကိုထွေးက မမရီကို မေးနေပါတယ်။

မမရီ ။ ။ ငါ နေကောင်းတယ်လို့ ကိုကိုထွေးကို ပြောလိုက်၊ ပြီးတော့ စကော့ဈေး ဓာတ်ဆီဆိုင်က ဒီနေ့ စာရင်း ပိတ်လို့ ငွေ လာ သွင်းရင်လည်း ကိုကိုထွေးကို ငွေတစ်ရာ ပေးလိုက်လို့ ပြော၊ ဒီ ငွေတစ်ရာက စာအုပ် ဝယ်ဖို့လို့လည်း ကိုကိုထွေးကို ပြော လိုက်နော်။

မိချို ။ ။ တကယ်လို့ ကိုကိုထွေးက မမရီနှင့် တွေ့ချင်တယ် ဆိုရင် ကော။

မမရီ ။ ။ တွေ့ချင်တယ် ဆိုရင် အပေါ်ထပ် ငါ့ အခန်းကို လွှတ်လိုက်၊ ဒါပဲ၊ (မမရီ ထ၍ လျှောက်သွားသည်။) ဧည့်ခန်းထဲက ပူတာပဲ၊ အိမ်တစ်အိမ်လုံး နေစရာကို မရှိတော့ဘူး၊ လှောင်အိုက်လိုက် တာ လွန်ရော။



mgyoe.com

mgyoe.com SAMPLE BOOK

မိချို ။ ။ (ခေတ္တ တွေနေပြီးမှ မရဲတရဲဖြင့်) ဒီနေ့ ညနေ မိချို ခပ်စောစော ပြန်ခွင့် ရမလားလို့။

မမရီ ။ ။ ညည်း အမေ သန်လျင်က ဒီနေ့ ညနေ ရောက်မယ်ဆို၊ ညည်း အဖေ ပြောတယ်၊ ဟုတ်လား။

ကိုကိုထွေး၏ အသံ။ ။ (ပန်းခြံဘက်ဆီမှ) မိချို၊ မိချို။

မမရီ ။ ။ ကိုကိုထွေး ခေါ်နေတယ် ထင်တယ်၊ သွား သွား။

ကိုကိုထွေး၏ အသံ။ ။ မိချို။

မိချို ။ ။ လာပြီ ကိုကိုထွေး။

ကိုကိုထွေး ဗဟို တံခါးမကြီးမှ ဝင်လာသည်။

ကိုကိုထွေး။ ။ (မမရီကို မမြင်သေးဘဲ) အံမာ လက်စသတ်တော့ မိချိုက ဒီမှာကိုး၊ တစ်မနက်လုံး ရှာလိုက်ရတာဟာ၊ (မမရီကို မြင်သွားသည်။) ဟင် မေမေ၊ ဘာဖြစ်လို့ အောက်ဆင်းလာတာလဲ။

မမရီ ။ ။ သား ဘာတွေ လုပ်နေသလဲ၊ တစ်ကိုယ်လုံးလည်း ချွေးချည်းပဲ။

ကိုကိုထွေး။ ။ သူငယ်ချင်း တစ်ယောက်နှင့် တင်းနစ် ရိုက်နေတာ မေမေ၊ (မမရီအား မြတ်နိုးစွာ ကြည့်လျက် နွဲ့သံဖြင့်) မေမေရယ် တစ်မနက်လုံး မေမေ့ကို တွေ့ချင်လိုက်တာ မပြောပါနှင့်တော့၊ မေမေ နေကောင်းပြီလားဟင်၊ (မမရီ ဘေးတွင် ထိုင်သည်။) နှစ်ရက် သုံးရက် ရှိပြီ မေမေ့ဆီ လာတာ၊ တက်လာတိုင်း တံခါးကြီး အထဲက ပိတ် ပိတ်ထားတယ်၊ မေမေ အိပ်နေတယ် ထင်တာနှင့် ပြန် ပြန် ဆင်းခဲ့တာ။

မမရီ ။ ။ အိပ်လို့ မရပါဘူး၊ တစ်ယောက်တည်း နေချင်တာနှင့် အခန်းတံခါး ပိတ်ထားလိုက်တာ၊ မိချို ကိုကိုထွေးဖို့ လိမ္မော်ရည် ပုလင်း ထုတ်ခဲ့။

မိချို ထမင်းစားခန်းဘက်သို့ ထွက်သွားသည်။

ကိုကိုထွေး။ ။ (ဝမ်းမြောက် ဝမ်းသာဖြင့်) မေမေ့ကို သေသေချာချာ ကြည့်စမ်းပါရစေဦး၊ ဟာ မေမေ နေကောင်းသားပဲ မေမေရ၊ ဘာမှ မဖြစ်ပါဘူး၊ မေမေ နေမကောင်းဘူး ဆိုပြီး အဓိပ္ပာယ် မရှိ ပြောနေကြတာ၊ မေမေ အခန်း အောင်းနေတုန်း ဖေဖေ လက်ပံ

mgyoe.com

mgyoe.com
SAMPLE BOOK

တန်းက ပြန်လာတယ် မေမေရဲ့၊ သုံးရက်တောင် ရှိပြီ၊ မေမေ ဖေဖေနှင့် မတွေ့သေးဘူးနော်။

မမရီ ။ ။ (ကိုကိုထွေးကို ဝမ်းပန်းတနည်း ကြည့်လျက်) မေမေ နေရတာ တစ်မျိုးကြီးပဲ သားရယ်၊ (ရုတ်တရက်) ဩော် ကိုကိုထွေး သားကြီး မင်း ဆယ့်ခုနစ်နှစ် ပြည့်ပြီနော် ဟုတ်လား။

ကိုကိုထွေး။ ။ ဟော မေမေ၊ ကျွန်တော့် အသက်ကို မေ့ပြန်ပြီ၊ ဒီ တစ်ခါ မေ့ရင်တော့ မေမေ့ကို တကယ် စိတ်ဆိုးမှာနော်။

မမရီ ။ ။ (ပြုံးလျက်) အေးပါကွယ်၊ မေမေကလည်း ခုတလော ဘယ့်နှယ် မေ့တတ်နေမှန်း မသိပါဘူး၊ တစ်ခါတလေများ ကိုယ့်ဘာသာ ကိုယ် ဘယ်နေရာ ရောက်နေသလဲ ဆိုတာတောင် မေ့ချင်သလိုလိုပဲ၊ (အတန်ကြာ တွေးနေပြီးမှ) အင်း ဒီ အိမ်ကို မေမေ ရောက်တာ ဘာလိုလိုနှင့် ဆယ့်ရှစ်နှစ် ရှိသွားပြီ၊ မေမေ့ကို ကြည့်စမ်း ကိုကိုထွေး၊ မေမေ တော်တော် ကျသွားပြီလား ဟင်။

ကိုကိုထွေး။ ။ ဘယ်က ကျရမှာလဲ၊ မေမေကလည်း ဘာတွေ တွေး တွေး နေတာလဲ ဟင်။

မမရီ ။ ။ ဘာမှ မတွေးပါဘူးကွယ်။

မိချို လိမ္မော်ရည် ပုလင်းနှင့် ဖန်ခွက်ကို လင်ပန်းထဲတွင် ထည့်၍ ဝင်လာသည်။

မိချို ။ ။ ကိုကိုထွေး လိမ္မော်ရည်။

ကိုကိုထွေး။ ။ ကျေးဇူးတင်တယ် မိချို။

ရှက်သွေး ဖြာလျက် ဖန်ခွက်ထဲသို့ လိမ္မော်ရည် ငှဲ့ပေးသည်။

ကိုကိုထွေး။ ။ မေမေ့ဖို့ ဖန်ခွက် တစ်ခွက် သွားယူပေးပါလား မိချို။

မိချို ထွက်သွားသည်။

မမရီ ။ ။ (မိချိုနှင့် ကိုကိုထွေးတို့ ပြောဆို ဆက်ဆံပုံကို တစ်ချိန်လုံး အကဲခတ် နေပြီးမှ) ကိုကိုထွေး၊ အစေခံကို မင်း ဆက်ဆံပုံဟာ ယဉ်ကျေး သိမ်မွေ့လွန်းတယ်လို့ မေမေ ထင်တယ်၊ ကမ်းတက်လိမ့်မယ်နော်၊ သိပ် အရော မဝင်နှင့်၊ မေမေ မကြိုက်ဘူး။

ကိုကိုထွေး။ ။ (လိမ္မော်ရည် သောက်ရင်းက) ဟုတ်တယ်၊ မေမေ့ကို ပြော

mgyoe.com

mgyoe.com SAMPLE BOOK

ပြမလို့ ဆိုတာ ဒီကိစ္စပဲ၊ ဒါကြောင့် မေမေ့ဆီ ကျွန်တော် လာလာနေတာ၊ ကိစ္စကတော့..။

မိချို ပြန်ဝင်လာသည်။

ကိုကိုထွေး။ ။ နောက်တော့ မေမေ့ကို အေးအေးဆေးဆေး ကျွန်တော် ပြောပြဦးမယ်လေ ဟုတ်လား၊ ဟာ ဒီ အခန်းက သိပ်လှောင်တာပဲ။

မမရီ ။ ။ ပြတင်းပေါက်တွေကို အကုန် ပိတ်ထားတာကိုး။

ကိုကိုထွေး။ ။ ဒါဖြင့် ကျွန်တော် ဖွင့်လိုက်မယ်နော် မေမေ။

မိချို ။ ။ ဖေဖေကြီးက မဖွင့်ရဘူး၊ ပိတ်ထားရမယ်လို့ ပြောပါတယ်၊ အပြင်ဘက်က အထဲထက်တောင် ပူသေးတယ်တဲ့။

မမရီ ။ ။ တောက်တီး တောက်တဲ့၊ မိချို သွား ဖွင့်လိုက်စမ်း၊ သူကတော့ လက်ပံတန်း သွားလိုက်၊ အပြင် ထွက်နှင့် ဆိုတော့ ဒီ အခန်းထဲမှာ ဘယ်လောက် ပူအိုက် လှောင်ကျပ်နေတယ် ဆိုတာ ဘယ်သိမလဲ၊ သွားဖွင့်လိုက် မိချို။

မိချို ပြတင်းပေါက် ခန်းဆီးများကို ဘေးသို့ ဆွဲလိုက်သည်။

ကိုကိုထွေး။ ။ (ပြတင်းပေါင်ပေါ်တွင် တင်ထားသည့် ပန်းအိုးကြီးများကို မိချို မနိုင့်တနိုင် ရွှေ့နေသည်ကို မြင်သဖြင့်) နေပေ့စေ မိချို၊ ဒီ ပန်းအိုးကြီးတွေကို နင် မနိုင်ပါဘူး၊ ငါ ရွှေ့ပေးမယ်။

ကိုကိုထွေး ပြတင်းပေါက်ဆီသို့ သွားသည်။

မမရီ ။ ။ (မိချိုဘက် လှည့်၍) မိချို မီးဖိုထဲ သွားပြီး နင့် ဖေဖေကြီး သက်သတ်လွတ်ဟင်း အတွက် ဘာချက်သလဲလို့ သွားကြည့်ချည်စမ်း။

မိချို ဗဟို တံခါးမကြီးမှ ထွက်သွားသည်။

မမရီ ။ ။ ကိုကိုထွေး။

ကိုကိုထွေး ပြတင်းပေါက်ဆီမှ အခန်းလယ် မမရီထံ ပြန်လာသည်။

မမရီ ။ ။ ကဲ ဒီမှာ လာ ထိုင်ပြီး ခုနက ကိစ္စ မေမေ့ကို ပြောပြစမ်း။

ကိုကိုထွေး။ ။ (သူ့ အမေအား မျှော်လင့်ချက် ကြီးစွာ ရွှင်မြူးစွာ လှမ်းကြည့်ရင်း) မေမေ ခုတလော ကျွန်တော်တော့ သိပ် ပျော်နေတာပဲ။

မမရီ ။ ။ ဒီအိမ်မှာ ပျော်ပျော်ရွှင်ရွှင် နေနိုင်တယ် ဆိုရင် ကောင်းတာပေါ့ သားရယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုကိုထွေး။ ။ မေမေ ကျွန်တော် မေမေ မသိအောင် ဖုံးကွယ်ထားတာရယ်လို့ ကျွန်တော့်မှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူးနော်၊ မေမေ‥ မေမေ ဟာ သာမန် မိခင် တစ်ယောက် မဟုတ်ဘူးလို့ ကျွန်တော် နားလည်တယ်၊ မေမေဟာ မိခင်တွေထဲမှာ သတ္တိ အရှိဆုံး၊ မှန်တယ် ထင်တာကို အလုပ်ရဲဆုံး၊ လုပ်ရင်လည်း အပြတ်သား ဆုံး၊ ဆင်ခြင်တုံ တရား အပြည့်ဝဆုံး၊ အညာတာဆုံး မိခင်လို့ ကျွန်တော် ယူဆတယ်၊ ကျွန်တော့် အကြောင်းကိုလည်း မေမေ အသိဆုံး။

မမရီ ။ ။ ဆိုစမ်းပါဦး။

ကိုကိုထွေး။ ။ ဒီတော့ မေမေ့ကို ကျွန်တော် တစ်ခု ပြောချင်တယ်၊ မေမေနှင့် ပြဿနာ တစ်ခုကို ဆွေးနွေးချင်တယ်လို့ပဲ ဆိုပါစို့လေ။

မမရီ ။ ။ မင်း ပြဿနာကို ဆိုစမ်းပါဦးလေ၊ နားထောင် ကြည့်ရသေး တာပေါ့။

ကိုကိုထွေး။ ။ မေမေ (အားကိုးတကြီးဖြင့်) ကျွန်တော့်ကို စိတ် မဆိုးရဘူး နော်။

မမရီ ။ ။ မဆိုးပါဘူး၊ ပြောမှာသာ ပြောစမ်းပါဦး။

ကိုကိုထွေး။ ။ (ရှင်မြူးသွားကာ) အဲဒါမှ တို့ မေမေကွ၊ (ခေတ္တ အုပ်ဆိုင်း ဆိုင်း ဖြစ်သွားပြန်ကာ) ဟာ မဖြစ်ပါဘူး မေမေရယ်၊ မပြော တော့ပါဘူး။

မမရီ ။ ။ (ဣန္ဒြေ မဆည်နိုင်ဘဲ ပြုံးလျက်) ဟော ဘယ်လို ဖြစ်သွား ပြန်တာလဲ။

ကိုကိုထွေး။ ။ ကျွန်တော် ‥ ကျွန်တော့်ကို မေမေက စိတ်မဆိုးနှင့်နော်၊ ပြီး တော့ ကျွန်တော် ပြောပြီးရင်လည်း အရင်ကလိုပဲ ကျွန်တော့် ကို မေမေ ချစ်ရမယ်နော်။

မမရီ ။ ။ ဟဲ့ ချစ်မှာပေါ့ သားရဲ့၊ အမေ ဆိုတာ ကိုယ့် သားကို ကိုယ် ချစ်စမြဲပဲ၊ သားကို မချစ်တဲ့ အမေရယ်လို့ ဘယ်မှာ ရှိလို့လဲ၊ ဒါများ အဆန်းလုပ်လို့။

ကိုကိုထွေး။ ။ (ပြုံးလျက်) တကယ် တကယ် ပြောတာနော် မေမေ၊ ကျွန် တော့်ကို မုန်း မသွားရဘူးနော်၊ ပြီးတော့ စိတ်လည်း မဆိုးရ ဘူး နော်၊ ဟုတ်လား။

mgyoe.com

mgyoe.com
SAMPLE BOOK

မမရီ ။ ။ မဆိုးပါဘူးကွယ်၊ ကဲ ပြောစမ်းပါ ဘာလဲ။

ကိုကိုထွေး။ ။ ပြီးတော့ ကျွန်တော် ပြောပြီးရင်လည်း မရယ်ရဘူးနော်။

မမရီ ။ ။ စည်းကမ်းချက်တွေကလည်း များလှချည်လား၊ ကဲ ကဲ မရယ်ပါဘူး၊ မရယ်ပါဘူး။

ကိုကိုထွေး။ ။ ကတိ ပေးသလား။

မမရီ ။ ။ အေး ပေးတယ်။

ကိုကိုထွေး။ ။ ကဲ ဒီလို ဆိုရင် ပြောတော့မယ်၊ ကျွန်တော်‥ ကျွန်တော်လေ မိန်းကလေး တစ်ယောက်ကို ချစ်နေပြီ။

မမရီ ။ ။ (သူ ထင်သည့် အတိုင်း သေချာပြီဟု နားလည်ကာ မျက်နှာ တင်းလျက်) တကယ်လား။

ကိုကိုထွေး။ ။ (သူ့ အမေကို ကြည့်လျက်) ဟော မေမေ ပြော ဆိုလို့ ပြောတော့ မေမေ့ မျက်နှာ တစ်မျိုး ဖြစ်သွားပြီ။

မမရီ ။ ။ (ခေါင်းယမ်းလျက်) မဟုတ်ပါဘူး၊ မေမေ ပြည့်ပြည့်စုံစုံ သိချင်လို့ပါ၊ (ရွှင်ပျဟန် ဆောင်လျက်) ကဲ ကဲ မင်း ချစ်နေတဲ့ မိန်းကလေးက ဘယ်သူတဲ့လဲ၊ ပြောစမ်းပါဦး။

ကိုကိုထွေး။ ။ (အားတက်လာပြန်သည်။) မိန်းကလေးကတော့ အင်း ‥ ‥ ကမ္ဘာပေါ်မှာ (ကိုကိုထွေး သူ့ အမေ မျက်နှာကို အကဲခတ်လျက်) ကမ္ဘာပေါ်မှာ အံ့သြစရာ အကောင်းဆုံး မိန်းကလေးလို့ ကျွန်တော် ထင်တာပဲ၊ သူ့ အသည်းနှလုံးဟာ ရွှေစင်နှင့် လုပ်ထားသလို လှပတယ်၊ စိတ် သဘောထား ပြည့်ဝတယ်၊ တစ်ဖက်သားကို သနား ကြင်နာတတ်ပြီး ခွင့်လွှတ်တယ်၊ ပြီးတော့ ကိုယ့် ခွန်အား ကိုယ့် ဉာဏ်အားနှင့် လုပ်ရတဲ့ အလုပ်ကိုလည်း အမွန်အမြတ် ထားတယ်၊ အဲဒါတွေထက် ထူးခြားပြီး အရေး အကြီးဆုံး ဖြစ်တဲ့ အရည်အချင်းကတော့ အဲဒီ မိန်းကလေးဟာ ကိုယ့်ကိုယ်ကိုယ် အလို လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီး နေကြတဲ့ အထက်တန်းလွှာထဲက မိန်းကလေး မဟုတ်ဘူး ဆိုတဲ့ အရည်အချင်းပဲ။

မမရီ ။ ။ (ဣန္ဒြေ မပျက်စေဘဲ) မင်းဟာ ပညာ တတ်တဲ့ မိန်းကလေး တစ်ယောက်ကို ပို နှစ်သက်လိမ့်မယ်လို့ မေမေ ထင်တယ်၊ ကိုကိုထွေး နေပါဦး၊ မင်း ချစ်နေတယ် ဆိုတဲ့ မိန်းကလေးက

mgyoe.com

mgyoe.com
SAMPLE BOOK

ရောပညာ တတ်တယ် မဟုတ်လား၊ ဘယ်အထိ သင်ဖူးသလဲ။

ကိုကိုထွေး။ ။ သိပ် မတတ်ဘူး မေမေ၊ ကျောင်းလည်း ကောင်းကောင်း မနေဖူးဘူး၊ ဒါကလည်း သူ မသင်ချင်လို့တော့ မဟုတ်ပါဘူး မေမေ၊ အခြေအနေကြောင့် မသင်ခဲ့ရရှာတာပါ၊ ဒါလေးကြောင့်တော့ မေမေက မကန့်ကွက်ပါဘူးနော် ဟုတ်လား။

မမရီ ။ ။ လက်စသတ်တော့ ဒီလိုကိုး၊ (မမရီ၏ မျက်လုံးများသည် မှေးမှိန် သွားကြသည်။ သို့ရာတွင် မကျေနပ်နိုင်သေးဘဲ) ဒါပေမဲ့ တစ်ခုတော့ မေမေ တထစ်ချ ယုံထားတယ်၊ ကိုကိုထွေး မင်း ချစ်နေတယ် ဆိုတဲ့ မိန်းကလေးဟာ အင်း‥ မိ‥ မိချိုတော့ မဟုတ်နိုင်ဘူး ထင်တယ်။

ကိုကိုထွေး။ ။ ဟုတ်တယ် မေမေ မိချိုပဲ၊ လူတွေက ကျွန်တော့်ကို ရယ်ကြမှာပဲ ဆိုတာ ကျွန်တော် သိတယ် မေမေ၊ ဒါပေမဲ့ မတတ်နိုင်ဘူး မေမေ၊ ကျွန်တော် မိချိုကို ချစ်နေပြီ၊ အို ဒါတွေ မေမေ နားလည်ပါတယ် မေမေရယ်။

မမရီ ။ ။ (သတိထား၍ ပြောရသော အသံဖြင့်) ဒါပေမဲ့ ကိုကိုထွေး၊ မင်းဟာ မေမေ့ရဲ့ သား အရင်း ခေါက်ခေါက်ကြီး ဆိုတာ မမေ့ဖို့ လိုတယ်လို့ မေမေ ထင်တယ်၊ ပြီးတော့ မင်းဟာ ဝတ္ထု တစ်ပုဒ်ထဲက ဇာတ်လိုက်ကလေး တစ်ယောက် မဟုတ်ဘူး ဆိုတာလည်း သိဖို့ လိုလိမ့်မယ်။

ကိုကိုထွေး။ ။ (စိုးရိမ်တကြီး ဖြစ်လာသည်။) မေမေ၊ မေမေ ခုတည်းက ကျွန်တော့်ကို ခွင့်မပြုတဲ့ စကားတွေ ပြောနေပြီ ဟုတ်လား၊ ကျွန်တော် မိချိုကို ချစ်မိတဲ့ အတွက် ကျွန်တော့်မှာ အပြစ်ရှိသလား မေမေ ဟင်၊ ကျွန်တော် မှားသလား။

မမရီ ။ ။ အို‥ အို မင်းကို မှားတယ်လို့လည်း မေမေက မဆိုသေးဘူး၊ အပြစ်လည်း မတင်သေးဘူး၊ ဒါပေမဲ့ မိချိုလို မိန်းကလေး တစ်ယောက်ဟာ သားကို စိတ်ချမ်းသာအောင် ထားနိုင်မယ်လို့ မေမေ မထင်ဘူး ကိုကိုထွေး။

ကိုကိုထွေး။ ။ ထားနိုင်ပါတယ် မေမေရဲ့၊ မိချိုဟာ အကင်း ပါးတယ်၊ အလိုက်သိတယ်၊ ကြင်နာတတ်တယ်၊ ပြီးတော့ ကျွန်တော့် သဘောကို နားလည်တယ်။

mgyoe.com
SAMPLE BOOK

မမရီ ။ ။ မင်း ဖေဖေနှင့် မင်းနှင့် အကြီးအကျယ် ဖြစ်မယ် ကိုကိုထွေး၊ မင်း ဖေဖေက ဘယ်နည်းနှင့်မှ သဘော တူမှာ မဟုတ်ပါဘူး။

ကိုကိုထွေး။ ။ ဒါဟာ ကျွန်တော့် ကိုယ်ရေး ကိုယ်တာ ပြဿနာပဲ မေမေ။

မမရီ ။ ။ မင်း ဒီလို လုပ်လိုက်လို့ ပတ်ဝန်းကျင်က မေး ငေါ့လာကြရင်ကော။

ကိုကိုထွေး။ ။ ဒါတွေ ကျွန်တော် နည်းနည်းမှ ထည့် မစဉ်းစားဘူး၊ ဂရုလည်း မစိုက်ဘူး။

မမရီ ။ ။ ဒီ တစ်ခါတော့ မေမေ့ သားဟာ ရေလိုက် လွဲနေပြီလို့ မေမေ ထင်တယ်၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူး ဆိုတာတော့ မေမေ ဘာမှ မပြောလိုပါဘူး၊ ဒါပေမဲ့ မိချို့ဟာ အောက်တန်းစားထဲက လာတဲ့ စာမတတ် ပေမတတ် မိန်းကလေး မဟုတ်ဘူးလား၊ သူ့ အနေနှင့်တော့ သားလို လူ တစ်ယောက်က ချစ်တယ် ဆိုတာဟာ အတိုင်းထက် အလွန် ကံကောင်းတာပေါ့၊ ရတနာပုံ ဆိုက်တယ်လို့ အောက်မေ့မှာပဲ။

ကိုကိုထွေး။ ။ ဒီမှာ မေမေ၊ မိချို့ဟာ ဒီလို မိန်းကလေး တစ်ယောက် မဟုတ်ပါဘူး မေမေ၊ မိချို့မှာလည်း ချစ်တတ်တဲ့ အသည်းနှလုံး ရှိတာပါပဲ။

မမရီ ။ ။ သားဟာ လူတွေကို ကြည့်တဲ့ နေရာမှာ သိပ်ပြီး အထင်ကြီး လွန်းတယ်။

ကိုကိုထွေး။ ။ ဒီ တစ်ခါတော့ မေမေ မိချို့ကို ဆုံးဖြတ်ပုံဟာ မတရားဘူး မေမေ၊ ကျွန်တော် တွေ့ဖူးသလောက်တော့ မိချို့ဟာ အသန့်ရှင်းဆုံး၊ အဖြူစင်ဆုံး၊ အရိုးသားဆုံး မိန်းကလေးပဲ၊ ကျွန်တော် မနေ့က သူ့ကို ဖွင့်ပြောလိုက်တုန်းက ဆိုရင်··။

မမရီ ။ ။ (လန့်ဖျပ် အံ့ဩလျက်) ဘာ·· မင်း သူ့ကို ဖွင့်ပြောလိုက်ပြီလား၊ (လှောင်ပြောင် ရယ်မောရင်း) သူ့ကိုများ ရေးကြီးခွင့်ကျယ် လုပ်ပြီး ချစ်တဲ့ အကြောင်း ဖွင့်ပြောရသေးတယ်၊ ဟုတ်လား။

ကိုကိုထွေး။ ။ (သူ့ အမေ၏ သဘောထားကြောင့် ဒေါပွသွားသည်။) မရယ်ပါနှင့် မေမေ၊ ဒါ ရယ်စရာ မဟုတ်ပါဘူး၊ ဟုတ်တယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် မနေ့က သူ့ကို ဖွင့်ပြောလိုက်ပြီးပြီ၊ သူက မချစ်နိုင်ဘူးလို့လည်း ငြင်းလိုက်ပြီးပြီ၊ ဒါပေမဲ့ ကျွန်တော် ဝမ်းသာတယ်၊ ဒီလို ငြင်းလိုက်ခြင်းအားဖြင့် မိချိုဟာ သူ့ အချစ်ကို ငွေနှင့် ဂုဏ်နှင့် လဲစားတဲ့ မိန်းမစားထဲက မဟုတ်ဘူး ဆိုတာ ပိုပြီး ထင်ရှားသွားပြီ၊ မိချိုလို မိန်းမဟာ မိန်းမတွေ အသချေ်အနန္တထဲမှာ တစ်ယောက်တည်း ရှိတယ် ဆိုတာ ကျွန်တော် သိပြီ၊ ကျွန်တော် ဝမ်းသာတယ်၊ ကျွန်တော့်ကို မချစ်နိုင်ဘူး၊ မယူလည်း မယူနိုင်ဘူးလို့ ငြင်းလိုက်ပေမဲ့ ကျွန်တော် ဝမ်းမနည်းဘူး။

မမရီ ။ ။ အင်း‥။ (နှာခေါင်း ရှုံ့သည်။)

ကိုကိုထွေး။ ။ ဟန်ဆောင်ပြီး ငြင်းတာလို့များ မအောက်မေ့လိုက်နှင့် မေမေ၊ တကယ် ငြင်းတာ၊ သူ့မှာ ချစ်သူ ရှိနေပြီလို့ ပြောပြီး ငြင်းလိုက်တာ။

မမရီ ။ ။ သူ့ ချစ်သူက ဘယ်သူတဲ့လဲ၊ မပြောလိုက်ဘူးလား။

ကိုကိုထွေး။ ။ ဟင့်အင်း၊ ကျွန်တော်က မမေးပါဘူး၊ သူတို့ အသိုင်းအဝိုင်း သူတို့ နေ့စဉ် တွေ့မြင် ဆက်ဆံနေရတဲ့ အထဲက ဖြစ်မှာပေါ့၊ ဟင်း‥ (သက်ပြင်း ချသည်။) အချစ်စစ် အချစ်မှန်တို့ မည်သည် ဖြောင့်ဖြူးသော လမ်းကို မရကြဘူး ဆိုတဲ့ စကားဟာ သိပ်မှန်တယ် မေမေ၊ ကျွန်တော် မိချိုကို ချစ်တယ် မေမေ၊ မိချိုဟာ ကျွန်တော့် အချစ်ကို တဖြည်းဖြည်း နားလည်လာပြီး တစ်နေ့မှာ ကျွန်တော့်ကို ချစ်လာလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားတယ်။

မမရီ ။ ။ (ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ) ဟော့ ဒီမှာ ကိုကိုထွေး၊ မေမေက မွေးတဲ့ သား တစ်ယောက်ဟာ မိချိုလို မိန်းကလေး တစ်ယောက်ကို ဘယ်တော့မှ ယူခွင့် မပေးဘူး၊ ဘယ်နည်းနှင့်မှ ခွင့်မပြုဘူး၊ မရ ရတဲ့ နည်းနှင့် ဖျက်မယ်၊ အဲဒါ မင်း မြဲမြဲ မှတ်ထား။

ကိုကိုထွေး။ ။ (အံ့အားသင့်သွားကာ) ဒီလို မလုပ်ပါနှင့် မေမေ၊ မိချိုဟာ မိကောင်း ဖခင် သားသမီး၊ အကျင့် သိက္ခာ ရှိတဲ့ မိန်းကလေး တစ်ယောက်ပါ၊ ရှိသေ ထိုက်သူကို ရှိသေ လေးစား ထိုက်သူ

mgyoe.com SAMPLE BOOK

ကို လေးစားတဲ့ မိန်းကလေး တစ်ယောက်ပါ၊ မေမေ့ ကွယ်ရာမှာ မေမေ့ကို ဘယ်လောက် ရှိသေ လေးစားသလဲ ဆိုရင်··။

မမရီ ॥ ॥ တော်တော့ ကိုကိုထွေး၊ မေမေ ဘယ်နည်းနှင့်မှ သဘော မတူဘူး၊ ကဲ မင်း ဘာတတ်နိုင်သေးလဲ။

ကိုကိုထွေး॥ ॥ ဒီလိုဆို ကျွန်တော် ဖေဖေ့ကို ပြောမှာပေါ့။

မမရီ ॥ ॥ မင်း ဖေဖေ အကြောင်း မင်း သိတယ် မဟုတ်လား။

ကိုကိုထွေး॥ ॥ သိပေမဲ့ ပြောရမှာပဲ မေမေ၊ မတတ်နိုင်ဘူး၊ သူကလည်း ကျွန်တော့်ကို ယူချင်မှ ယူမှာပါ၊ ကျွန်တော့်ကို ပြန် ချစ်ချင်မှ ချစ်မှာပါ၊ ဘယ်လိုပဲ ဖြစ်ဖြစ် မိချိုကို ကျွန်တော် ချစ်တယ်၊ ကျွန်တော် လေးစားတယ်၊ မိချိုကို တတ်နိုင်တဲ့ အကူအညီ ပေးရလိမ့်မယ်၊ ဒီ အတောအတွင်း မိချိုကို ကျွန်တော် အလွတ်ပညာသင်ကျောင်း တစ်ကျောင်း အပ်ပေးပြီး စာ ဆက်သင်ခိုင်းမယ်၊ ကျွန်တော့် ပညာ သင်ကြားရေး အတွက် ကုန်ကျမယ့်ငွေ တစ်ဝက်ကို မိချို အတွက် ခွဲပြီး ပညာ သင်ပေးဖို့ ဖေဖေ့ကို ပြောရလိမ့်မယ်၊ ခွင့်ပြု မပြုကတော့ ဖေဖေ့ သဘောပဲ။

မမရီ ॥ ॥ ကိုကိုထွေး မင်း ရူးနေသလား ဟင်၊ မင်း ကလေးလေးလား။

ကိုကိုထွေး॥ ॥ ကျွန်တော် မရူးဘူး မေမေ၊ ကလေးလေးလည်း မဟုတ်ဘူး။

မမရီ ॥ ॥ မင်း ဖေဖေကို ပြောချင်ရင် မင်း ဘာသာ မင်း ပြောကြည့်ပေါ့၊ မင်း ဖေဖေ စကား တစ်ခွန်း ဟလိုက်လို့ မင်း ဆောက်နေတဲ့ လေထဲက တိုက်အိမ်ကြီး ပြိုကျသွားရင်သာ ငိုလားရယ်လား မလုပ်နှင့်၊ ဒါပဲ။

ကိုကိုထွေး॥ ॥ ပြောဖို့က ကျွန်တော့် ဝတ္တရားပဲ၊ (စိုးရိမ်သော မျက်နှာထားပေါ်လာသည်။) ကဲပါ၊ မေမေ ဒီ အကြောင်း ဒီမျှနှင့်ပဲ တော်ပါပြီ၊ မနေ့က ကိုကိုအေးကို တွေ့တယ် မေမေ၊ သူလည်း လက်ပံတန်း ဆန်စက်ကို သူ ကိုယ်တိုင် ကြီးကြပ် တည်မလို့တဲ့၊ ဒါကြောင့် မနက်ဖြန် လက်ပံတန်းကို သွားတော့မလို့တဲ့၊ ခရီး သွားဖို့ ကိစ္စတွေကြောင့် သိပ် အလုပ် များနေလို့ မေမေ့ကို နှုတ်ဆက်တဲ့ အကြောင်း ပြောလိုက်ပါလို့တောင် ကျွန်တော့်ကို မှာလိုက်သေးတယ်၊ မေမေ သူ့ကို မလွမ်းဘူးလား ဟင်။

မမရီ ॥ ॥ ဘာလို့ လွမ်းရမှာလဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုကိုထွေး။ ။ မေမေနှင့် ကိုကိုအေးနှင့် ရန်ဖြစ် ထားသလား ဟင်၊ အရင်
တုန်းကလို သိပ် စကား ပြောကြတာ မတွေ့ဘူး၊ သူ့ခမျာ
ငယ်ငယ် ကတည်းက အမေနှင့် ကွဲသွားတော့ စကား အပြော
အဆို အနေအထိုင် သိပ်မတတ်ဘူးပေါ့ မေမေရယ်၊ ဖွေ မယူ
ပါနှင့်၊ သူ့ အမေဟာ သူ့ သားလိုပဲ စိတ်ကောက်တတ်ပုံ ရ
ှာယ်နော် မေမေ။

မမရီ ။ ။ မင်း ဖေဖေ အိမ်မှာ ရှိတုန်း ကိုကိုအေး အမေ့ အကြောင်းကို
သိပ် မပြောနှင့် ကိုကိုထွေး၊ တော်တော်ကြာ မင်း အဖေ ကြား
ရင် မျက်နှာကြီး ညိုပြီး စိတ်ဆိုးလို့ ဟိုလူ နေစရာ မရှိ ဒီလူ
နေစရာ မရှိ ဖြစ်နေဦးမယ်။

ကိုကိုထွေး။ ။ ဒါပေမဲ့ မေမေရယ်၊ ခုတလော ကိုကိုအေး လုပ်ကိုင်နေပုံတွေ
ကတော့ တစ်မျိုးပဲ၊ အရက်ကလည်း နေ့ရော ညရော သောက်
နေတာပဲ၊ သူ့ ကြည့်ရတာကိုက စိတ်ညစ်စရာကြီးပဲ၊ မနေ့က
လည်း အရက်တွေ မူးလာပြီး သူ စိတ်ညစ်တဲ့ အကြောင်း သူ့
ကိုယ်သူလည်း စက်ဆုပ်တဲ့ အကြောင်း ဟာ‥ စုံလို့ ပြော
လိုက်တာ ဘာမှန်းလဲ မသိဘူး။

မမရီ ။ ။ အင်း‥။

ကိုကိုထွေး။ ။ ပြီးတော့လည်း တစ်ခါတုန်းက သူဟာ သူ မချစ်သင့်တဲ့ မိန်းမ
တစ်ယောက်နှင့် ချစ်ပြီး ကျူးကျူးလွန်လွန် ဖြစ်ခဲ့ဖူးတယ်တဲ့။

မမရီ ။ ။ (တစ်ယောက်တည်း ပြော) တစ်ခါတုန်းက‥။

ကိုကိုထွေး။ ။ အဲဒါလည်း ပြောပြီးရော မျက်ရည်တွေ ကျလာပြီး ငိုတော့တာ
ပါပဲ၊ ပြီးတော့ ကျွန်တော့်ကိုလည်း အော်ထုတ် လွှတ်လိုက်
တယ်။

မမရီ ။ ။ ပြီးတော့ရော ဘာတွေ ပြောသေးသလဲ။

ကိုကိုထွေး။ ။ ဒါပါပဲ၊ ဒီ့ပြင်တော့ မပြောပါဘူး၊ သူ့ ကြည့်ရတာ တော်တော်
စိတ်ညစ်နေပုံ ရပါတယ် မေမေရယ်၊ ကျွန်တော်တောင် သူ့
ကြည့်ပြီး သနားသွားတာပဲ၊ ကိုကိုအေးက ဘာဖြစ်လို့ မိန်းမ
မယူသေးသလဲ မသိဘူးနော် မေမေ။

မမရီ ။ ။ (ညည်းသံဖြင့်) ဘယ်သိမလဲကွယ်၊ သူ့ အကြောင်းနှင့် သူ ရှိ
မှာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုကိုထွေး။ ။ (အခန်းပြင်ဘက် ခြေသံ ကြားရာဆီသို့ လှည့်ကြည့်ကာ) ဟော ပြောရင်း ဆိုရင်း ကိုကိုအေး လာနေပြီ။

ဇပဟို တံခါးမကြီး ပွင့်လာပြီး ကိုကိုအေး ဝင်လာသည်။ ကိုကိုအေးမှာ အသက် နှစ်ဆယ့်ရှစ်နှစ်ခန့် ရှိပြီး မျက်နှာမှာ ဖျော့တော့လျက် ရှိသည်။ ကိုကိုထွေး ထက် အရပ် နည်းနည်း မြင့်သည်။ အရပ်အမောင်း မြင့်မြင့်၊ ရင်အုပ် ကျယ် ကျယ်၊ မိန်းမတွေ ဝိုင်းဝိုင်းလည်အောင် 'ကျ' လောက်သည့် ရုပ်မျိုး မဟုတ် သော်လည်း ခံ့ညားရှ် ယောကျ်ား ပီသသည်။ ရုတ်တရက် ကြည့်လျှင် စိမ်းဖန့် ထူထဲသော မျက်ခုံးများ၊ ပြန့်ကားသော နားရွက်များ၊ ကြီးမားသော သန်စွမ်း သော လက်များကို ကြည့်ခြင်းဖြင့် စိတ်နေ သဘောထား ရိုးသားကြောင်းကို သိသာနိုင်သည်။

သို့ရာတွင် သူ၏ ရိုးသားဟန်မှာ ကြာကြာ အကဲခတ် ကြည့်သော အခါ တကယ် မဟုတ်ဘဲ ကြိုးစား၍ ရိုးသားဟန် ဆောင်နေခြင်းမျှ ဖြစ်ကြောင်းကို သိနိုင်သည်။

သူ၏ မှုန်မှိုင်း ရီဝေလျက် ရှိသော မျက်လုံးများသည် မရေရာခြင်း၊ မပြတ် သားခြင်း၊ တွေဝေခြင်း၊ ကြောက်ရွံ့တတ်ခြင်း၊ အဆိုးနှင့် အကောင်း ဒွန်တွဲကာ ပဋိပက္ခ ဖြစ်နေခြင်း စသည့် စိတ်သဘောထားများကို ဖော်ပြနေသည်။

သူ့ မျက်လုံးများသည် တစ်နေရာကိုသာ ငေးမော စူးစိုက်နေတတ်သဖြင့် ကိုယ့်စိတ်ကိုယ် မနိုင်နင်းသူ၊ သို့မဟုတ် အလုပ် တစ်ခုခုကို စွဲစွဲမြဲမြဲ မလုပ် သူမှန်း သိသာနိုင်သည်။ ကိုကိုအေးသည် သူ၏ ပျော့ညံ့ချက်များကို သိ၍ ပြင်ရန် ကြိုးစားတတ်သည်။ တိတိကျကျ ပြောရလျှင် ကျူးလွန်မိခဲ့သော ပြစ်မှု ကြီး တစ်ခု အတွက် အတော မသတ်နိုင်အောင် နောင်တ ရနေသူ တစ်ယောက် ဖြစ်သည်။

သို့ရာတွင် တစ်ခါတစ်ရံ၌လည်း ကိုကိုအေး၏ ရင်ထဲတွင် ငုပ်လျှိုး နေ ကြသော ရမ္မက် ရေအလျဉ်သည် အဟုန် ပြင်းစွာ စီးဆင်းလာတတ်သည်။ ထို အခါမျိုး၌ ကိုကိုအေးတွင် ကျန်ရှိနေသော ဆင်ခြင်တုံတရားကလေးသည် ဝဲ ထဲတွင် မိနေသော သစ်ကိုင်းခြောက်ကလေး တစ်ခုလို ချာချာ လည်ကာ နောက် ဆုံးတွင် စုံးစုံး မြုပ်သွားရတော့သည်။

အဆင်ခြင်တုံတရား ငုပ်လျှိုး ပျောက်ကွယ်သွားသည့် အခါတွင်မူကား မစူးမစမ်း မဆင်မခြင် ပြုလုပ်လိုက်မိကာ အမှားကလေး တစ်ခု နောက်မှ

mgyoe.com

mgyoe.com
SAMPLE BOOK

တိုးတက် ကြီးကျယ်သော အမှားကြီး တစ်ခု နောက်က ပါလာစမြဲပင် ဖြစ်သည်။

ကိုကိုအေးသည် မိမိ ကိုယ်ကို မိမိ သန့်ရှင်း စင်ကြယ်သော လူ တစ်ယောက် ဖြစ်လိုသော်လည်း သူ ကျူးလွန်ခဲ့သော ပြစ်မှုကြီး တစ်ခု၏ ခြောက်လှန့်မှုကို ခံနေရသူ ဖြစ်သည်။ ထို့ကြောင့် သူ့ကိုယ်ကိုလည်း စက်ဆုပ် ရွံရှာသည်။ မုန်းတီးမှု ပြင်းထန်လာသည့် အခါများတွင် ဘာကိုမျှ မဆင်ခြင်တော့ဘဲ ကောက်ကျစ် စဉ်းလဲမှု၊ ဆိုးယုတ် ညစ်မှု ဟူသမျှကို ဖြစ်ချင်ရာ ဖြစ်စေတော့ ဆိုသည့် သဘောဖြင့် ကမ်းကုန်အောင် လုပ်ချလိုက်ချင် စိတ်များလည်း ပေါ်လာတတ်သည်။ တစ်ပြိုင်တည်းမှာပင် လူတော် လူကောင်း တစ်ယောက်၊ ရိုးသားသူ တစ်ယောက်၊ စံပြ တစ်ယောက်ဟု အများ၏ လေးစား ကြည်ညိုမှုကိုလည်း ခံယူလိုပေသေးသည်။

ထို့ကြောင့် ကိုကိုအေးသည် အစွန်းအထင်း မရှိဟု သူ သိထားသော သူ့အဖေ ဦးထွန်းမင်းကို လေးစား ချစ်ခင်ခြင်း ဖြစ်သည်။ သူ့ ဖခင် ဦးထွန်းမင်းတွင် ခေါင်းမာတတ်သည့် အကျင့်ကလေး တစ်ခုသာ ဆိုစရာ ရှိ၍ အကျင့်စာရိတ္တနှင့် ပတ်သက်၍မူကား ဘာမျှ ပြောစရာ မရှိသူ တစ်ယောက်ဟု ကိုကိုအေး နားလည်ထားသည်။ သူ့မှာမူ အကျင့် စာရိတ္တကို ထိခိုက်လောက်သော ပြစ်မှုကြီး တစ်ခုကို ကျူးလွန်းထားမိသူ ဖြစ်ရကား ကိုကိုအေးသည် သူ့ အဖေလို သန့်ရှင်း စင်ကြယ်သူ ဖြစ်က ကောင်းလေစွဟုပင် အားကျမိသည်။ သူသည် သူ့ အဖေအား ပြန်၍ သစ္စာ ဖောက်သူဟုလည်း စွဲမြဲနေသည်။

ကိုကိုအေးသည် ယင်းသို့ ခြောက်လှန့်နေသော စာရိတ္တ တစ္ဆေကြီးကို မောင်းထုတ် ပစ်ချင်သည်။ ဤ ခြောက်လှန့်မှုကြီးမှ လွတ်မြောက်အောင် ရုန်းထွက်လိုသည်။

သို့ကလို ရုန်းကန်ရင်းဖြင့် ကိုကိုအေးသည် မိချိုကို သွားတွေ့ခြင်း ဖြစ်သည်။ မိချို၌ ပျိုမျစ် နုနယ်ခြင်း၊ လှပခြင်း၊ မြူးကြွခြင်း စသည့် သူ ငတ်မွတ်နေသော အရည်အချင်းများ ရှိသည်။

မိချိုသည် လောက အကြောင်းကို ဘာမျှ မသိသေးသော အရိုးခံမလေး ဖြစ်သည်။ ယခုတော့ အရိုးခံမလေး မိချိုသည်ပင်လျှင် သူ၏ မရွှင်သော နှလုံးကို ပြုံးအောင် လုပ်နိုင်နေပြီ။ မိချိုနှင့် တွေ့ပြီး နောက်တွင် ကိုကိုအေးသည် ဟန်ဆောင် သိမ်မွေ့တတ်ကြသော အထက်တန်းလွှာ မိန်းမများကိုပင် မုန်းလာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် မိချိုသည် ဂုဏ် ငယ်သူ အစေခံ အောက်တန်းစား ပညာမဲ့ တစ်ယောက်မျှသာ ဖြစ်သည်ဟု တွေးမိပြန်သော အခါတွင်မူကား ကိုကိုအေး သည် ဘာမျှ ပီသအောင် စဉ်းစားခြင်း မပြုတတ်တော့ဘဲ အရက်ကို မိုး မလင်း သောက်ကာ ပျက်စီးခြင်းမက ပျက်စီးနေတော့သည်။

စိတ်ညစ်၍ အရက် သောက်၊ အရက် သောက်၍ စိတ်ညစ် စသဖြင့် ချာချာ လည်ကာ ပျက်စီးခြင်း သံသရာထဲတွင် ဝဲလည်နေတော့သည်။

ဧည့်ခန်းထဲသို့ ဝင်လာသော အခါ ကိုကိုအေးသည် ရှပ်အင်္ကျီဖြူ အရှည် ကို ဝတ်ပြီး သက္ကလတ် ဘောင်းဘီ မီးခိုးရောင်ကို ဝတ်ထားသည်။ သပ်ရပ် ခြင်း မရှိ။

ကိုကိုထွေး။ ။ ဟင် ကိုကိုအေး။

ကိုကိုအေး။ ။ ဟော ကိုကိုထွေးလား။

မမရီ ။ ။ (အနည်းငယ် ပေါ့ပါး ရွှင်လန်းလာကာ) ကိုကိုအေး။

ကိုကိုအေး။ ။ ဟင် မမရီရောပါလား၊ (မျက်လွှာ ချလိုက်ပြီးမှ တစ်ဖန် မော် ကြည့်လျက်) မ.. မ.. မမရီ ရှိနေတာတောင် သတိ မထား မိဘူး။

မမရီ ။ ။ ခုတင် မမရီ အပေါ်ထပ်က ဆင်းလာတာပါ။

ကိုကိုအေး။ ။ (ကိုကိုထွေးဘက် လှည့်၍) အိမ်မှာ ဖေဖေ ရှိတယ် မဟုတ် လား။

ကိုကိုထွေး။ ။ ရှိတယ် ကိုကိုအေး၊ တွေ့ချင်လို့လား။

ကိုကိုအေး။ ။ ငါ လက်ပံတန်း မသွားခင် ဖေဖေနှင့် စကား တစ်ခွန်း နှစ်ခွန်း လောက် ပြောချင်လို့။

ကိုကိုအေး စာကြည့်ခန်းဘက်ဆီသို့ လျှောက်သွားသည်။

ကိုကိုထွေး။ ။ ဒါဖြင့် ကိုကိုအေး ခဏ နေဦးလေ။

ကိုကိုအေး။ ။ ဘာဖြစ်လို့လဲ၊ ဖေဖေ ဘာလုပ်နေသလဲ။

ကိုကိုထွေး။ ။ ဧည့်သည် တစ်ယောက်နှင့် စကား ပြောနေတယ် ထင်တယ်၊ ခပ်စောစော ကျွန်တော်နှင့် တွေ့တုန်းကတော့ အပြင်ဘက်မှာ ခဏ စောင့်နေကြဦးလို့ ပြောတာပဲ။

ကိုကိုအေး။ ။ ဒါဖြင့် ငါ အခန်း ပြန်ပြီး စာ တစ်စောင် ရေးလိုက်ဦးမယ်။

ကိုကိုအေး ပြန်ထွက်မည် ပြုသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုကိုထွေး။ ။ ခဏ စောင့်ပါဦးလား ကိုကိုအေး၊ မကြာတော့ဘူး ထင်ပါတယ်၊ ပြီးတော့ မေမေကလည်း ကိုကိုအေးကို မတွေ့တာကြာပြီလို့ ပြောနေတယ်၊ စကားစမြည် ပြောရင်းပေါ့။

မမရီ ။ ။ နေပါစေလား ကိုကိုထွေးရယ်၊ ကိုကိုအေး ကြည့်ရတာ ပင်ပန်းပုံ ရပါတယ်၊ အေးအေးဆေးဆေး အနား ယူချင်လည်း ယူပါစေ၊ သွားခါနီးမှာ အလုပ် များးမှာပေါ့။

ကိုကိုအေး။ ။ (ကျေနပ်ဆည်လျက်) ကျွန်တော့် အဖို့ အရေး မကြီးပါဘူး၊ ဖေဖေ အိမ်မှာ ရှိနေတော့ မမရီသာ အလုပ် များမလားလို့ပါ၊ ကျွန်တော့် အဖို့ကတော့··။

ကိုကိုထွေး။ ။ မေမေ နေမကောင်းတာ ကိုကိုအေး မသိသေးဘူး ထင်တယ်။

မမရီ ။ ။ ကိုကိုအေး ခေါင်းထဲမှာ ဒါတွေ ထည့် စဉ်းစားချိန် မရပါဘူး ကွယ်၊ ကိုကိုထွေးကလည်း တစ်ဖက်သား အလကား အလုပ်ပိုအောင် လုပ်နေတယ်။

ကိုကိုအေး။ ။ အို အို ဒီလို မဟုတ်ပါဘူး မမရီ၊ ခုကော တော်တော် နေကောင်းသွားပြီလား။

မမရီ ။ ။ မေးဖော် ရတာကိုပဲ ကျေးဇူးတင်လှပါပြီ ကိုကိုအေး၊ မမရီခုပဲ အပေါ်ထပ်က ဆင်းလာတာပါ။

ကိုကိုအေး။ ။ သြော် သြော် ကျွန်တော်လည်း မနက်ဖြန်ကို လက်ပံတန်းသွားဖြစ်လိမ့်မယ် ထင်တယ်။

မမရီ ။ ။ ကောင်းပါတယ်၊ (ခေတ္တ ရပ်နေသည်။) အေးအေးဆေးဆေး နေရတော့ စိတ် ချမ်းသာတာပေါ့၊ ပြန်တော့ရော ဘယ်တော့လောက် ပြန်လာမယ် စိတ်ကူးသလဲ။

ကိုကိုအေး။ ။ ဒါတော့ အလုပ်ပေါ် မူတည်မှာပဲ မမရီ၊ နှစ်နှစ်လောက် ကြာလိမ့်မယ် ထင်တယ်၊ အခန့် မသင့်ရင်လည်း သုံးနှစ်လောက်ကြာပါလိမ့်မယ်၊ ဟိုမှာ ကြာကြာ နေရတာပဲ ကောင်းပါတယ်၊ ·· အား ဒီ အခန်းထဲက သိပ် လှောင်တာပဲ၊ မွန်းကျပ်နေတာပဲ။

ကိုကိုထွေး။ ။ ဒါတောင် ပြတင်းပေါက်တွေကို အကုန် ဖွင့်ထားတာ၊ ကောင်းကင် တစ်ခုလုံးတော့ မှုန်နေတာပဲ၊ လေမုန်တိုင်း ကျလိမ့်မယ် ထင်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မမရီ ။ ။ (ခေတ္တမျှ တွေ၍) ကိုကိုအေးက လက်ပံတန်းမှာ ဘာတွေများ လုပ်နေလို့ ဒီလောက် ကြာမှာလဲ။

ကိုကိုထွေး။ ။ ကိုကိုအေးက မက္ကင်နီကယ် အင်ဂျင်နီယားရင်းနှင့် အောင်တာလေ မေမေ၊ ဟိုမှာ စက် တည်ဖို့ ကိစ္စ နေမှာပေါ့။

မမရီ ။ ။ ဩော် လက်ပံတန်းက စက်ကို ပြန် တည်မှာကိုး၊ ဒါဖြင့် ကိုကိုအေးက စက် တည်ဖို့ ကိစ္စ သက်သက်ပဲပေါ့။

ကိုကိုအေး။ ။ (သတင်းစာ တစ်စောင် ကောက်ယူ ကြည့်၍) ဟုတ်ကဲ့၊ ဒီကိစ္စ သက်သက်ပဲလို့ ဆိုပါတော့၊ ပြီးတော့လည်း ကျွန်တော် အိမ်မှာ ထိုင်နေတာလည်း ကြာလှပြီ မဟုတ်လား၊ အိမ်မှာ နေရတာ နည်းနည်း ငြီးငွေ့လာလို့ ဆိုပါတော့။

မမရီ ။ ။ (ပြုံးလျက်) ကိုကိုအေးက တွေး တွေးပြီး စိတ်ထဲမှာ မသိုးမသန့် ဖြစ်နေတယ် ထင်တယ်။

ကိုကိုအေး။ ။ ဘယ်လို မသိုးမသန့် ဖြစ်တာလဲ မမရီ။

မမရီ ။ ။ ဩော် မမရီတို့ ဒီ တိုက်အိမ်ကြီးကို ဝယ်လိုက်တုန်းက ညဉ့်ခန်းထဲက တစ္ဆေ ခြောက်တတ်တယ်လို့ ပြောကြတာလေ၊ တစ်ခါ တစ္ဆေ ခြောက်ခံရဖူးတယ်လို့ ပြောတာ မေ့သွားပြီလား။

ကိုကိုအေး။ ။ ဩော် ဒါလား၊ မမေ့ပါဘူး မမရီ၊ ဒါကြောင့် မဟုတ်ပါဘူး၊ အိမ်မှာ ကြာကြာကြီး အလုပ် မရှိဘဲ ထိုင်နေရတော့ ငြီးငွေ့လာလို့ပါ။

မမရီ ။ ။ (ပြုံးလျက်) မမရီသာ ကိုကိုအေး ဆိုရင်တော့လေ၊ ဒီ အိမ်က လူတွေကို တွေ့လည်း မတွေ့ချင်တော့ဘူး၊ မြင်လည်း မမြင်ချင်တော့ဘူး၊ ဒီလောက် စိတ်ညစ်စရာ ကောင်းတဲ့ အိမ်ကြီးမှာလည်း မနေတော့ဘူး၊ ခြေဦး တည့်ရာကို တစ်ခါတည်း ထွက်သွားတော့မှာပဲ၊ လူတွေကိုရော အိမ်ကြီးကိုရော စက်ဆုပ်မိမှာပဲ။

ကိုကိုထွေး။ ။ ဒီလိုလည်း မပြောပါနှင့် မေမေရယ်။

ကိုကိုအေး။ ။ (သုန်မှုန်စွာဖြင့်) ကိုယ့်ကိုယ်ကိုယ်ပဲ စက်ဆုပ်ပါရစေ မမရီ၊ တခြား လူတွေကို ကျွန်တော် စက်ဆုပ်စရာ အကြောင်း မရှိပါဘူး၊ (သက်ပြင်းကြီး တစ်ချက် ချ၍) ကဲ ကိုကိုထွေး၊ ငါ အခန်း ပြန်ပြီး စာ တစ်စောင် ရေးလိုက်ဦးမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုကိုအေး ထိုင်ရာမှ ထသည်။

စာကြည့်ခန်း တံခါး ပွင့်လာသည်။

ကိုကိုထွေး။ ။ ဟော ဖေဖေ လာပြီ၊ နေပါဦးလား ကိုကိုအေး။

ဦးထွန်းမင်း အသံ။ ။ ဒီ ပြဿနာကို ဒီလိုပဲ ဖြေရှင်းရတော့မှာပဲ ရာဇဝတ်ဝန်မင်း၊ ကျွန်တော်လည်း မတတ်နိုင်တော့ဘူး၊ ဟုတ်ကဲ့ ကောင်းပါပြီ၊ ဂွတ်ဘိုင်၊ တွေ့ကြသေးတာပေါ့၊ ဟုတ်ကဲ့ ကောင်းပါပြီ၊ ကြွပါ ကြွပါ။

တံခါး လုံးဝ ပွင့်လာပြီး ဦးထွန်းမင်း ထွက်လာသည်။ ဦးထွန်းမင်းမှာ ငါးဆယ်ကျော် ခြောက်ဆယ်တွင်း ဖြစ်သည်။ ဆံပင်များတွင် ငွေရောင် သန်းစပြုပြီး မျက်မှန် အောက်မှ မျက်လုံးများမှာ လင်းယုန် ငှက်၏ မျက်လုံးများလို စူးရှသည်။ ကြွယ်ဝ ချမ်းသာသော အိမ်ထောင် ဦးစီးတို့ ထုံးစံ အတိုင်း ဦးထွန်းမင်း ဆိုလျှင် သားသမီးများက ပြားပြားဝပ် ကြောက်ကြရသည်။

ဦးထွန်းမင်းသည် စတစ် ကော်လာ လက်ရှည် အဖြူပေါ်၌ သက္ကလတ် တိုက်ပုံ အညိုရောင်ကို ဝတ်ထားပြီး မြင်းချေးရောင် ဘန်ကောက် လုံချည်ကို ဝတ်ထားသည်။

အဝတ်အစားမှာ သစ်လွင် ဖြူဖွေးကာ ပရုတ်နံ့ သင်းနေသည်။ သူ့ မျက်နှာပေါ်တွင် ထင်နေသော အရေးအကြောင်းများက ငယ်ငယ်တုန်းက လုံ့လ ဝီရိယဖြင့် ပင်ပန်းကြီးစွာ ရုန်းကန် ကြိုးပမ်းခဲ့ရသော ဘဝကို ဖော်ပြနေသည်။ စူးရှအေးစက်သော မျက်လုံး ကြည့်ပုံနှင့် ခပ်မဲ့မဲ့ အပြုံးများမှာ ခေါင်းမာခြင်း၊ ရက်စက်တတ်ခြင်းတို့ကို ပြသနေသည်။ ဆံပင်များမှာ ငွေရောင် သန်းနေသော်လည်း သေသပ်စွာ ဖြီးထားသည်။

သူ့ ရုပ်ရည်ကို ကြည့်ခြင်းဖြင့် ချမ်းသာ ကြွယ်ဝ၍ အဆင့်အတန်း ရှိသူ၊ ထူးခြားသော အရည်အချင်း ရှိသူ တစ်ယောက်မှန်း သိသာနိုင်သည်။

ကိုကိုထွေး။ ။ အဖေ။

ကိုကိုအေး။ ။ အဖေ။

ကိုကိုထွေး။ ။ ဧည့်သည်တွေ ပြန်သွားပြီလား ဖေဖေ။

ဦးထွန်းမင်း။ ။ (ခေါင်းညိတ် ပြပြီး မမရီဘက်သို့ လှည့်ကာ) ဟင် ရီကော ရောက်နေသလား၊ ဘယ့်နှယ် နေသေးသလဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

မမရီ ။ ။ အို ကောင်းသွားပါပြီ၊ အစ ကတည်းက ဒီလောက် မဟုတ်ပါဘူး၊ အစ်ကိုကြီးရော ဒီ တစ်ခေါက် နေထိုင် ကောင်းရဲ့လား။

ဦးထွန်းမင်း။ ။ အစ်ကိုကြီးက ကောင်းပါတယ်၊ ဒါပေမဲ့ ရီ အပေါ်ထပ် သွားပြီး လှဲနေရင် ကောင်းမယ် ထင်တယ်၊ ဟော့ ကိုကိုထွေး၊ မင်းမေမေ ကြည့်ရတာ အရင်တုန်းကနှင့် ဘယ့်နှယ် နေသလဲ။

ကိုကိုထွေး။ ။ ဘယ့်နှယ်မှ မနေပါဘူး ဖေဖေရဲ့၊ အရင်တုန်းကလည်း ဒီလိုပါပဲ။

ဦးထွန်းမင်း။ ။ (ကိုကိုထွေး ဖြေပုံကို မနှစ်မြို့စွာဖြင့်) မင်းလည်း ပေါ့ပေါ့ဆဆ လုပ်တာပဲ၊ ဖေဖေ မရှိတုန်း မေမေ့ရဲ့ ကျန်းမာရေးကို ဂရုစိုက်ပါလို့ ဖေဖေ ပြောခဲ့တယ် မဟုတ်လား။

ဦးထွန်းမင်း ဆိုဖာပေါ်တွင် ထိုင်ချသည်။

မမရီ ။ ။ (ထုံးစံ အတိုင်း ဦးထွန်းမင်း၏ ဩဝါဒရှည်ကြီးကို ကြားရတော့မည်ဟု သတိထားမိကာ) ဒီတစ်ခေါက် အစ်ကိုကြီးကို ကြည့်ရတာ နည်းနည်း ပိန်သွားသလိုပဲ၊ ဆန်စက် သပိတ်မှောက်တဲ့ ကိစ္စကော ပြီးသွားပြီလား အစ်ကိုကြီး။

ဦးထွန်းမင်း။ ။ အိုး ဒီကောင်တွေ သိကြားသားမို့လား၊ မနေ့ ကတည်းက အလုပ် ပြန်ဆင်းနေကြပြီ၊ ထွန်းမင်းကို လာစမ်းလို့ ဘယ်ရမလဲ၊ ဒီ သပိတ်ကို ရိုက်ခွဲ ပစ်လိုက်တာပေါ့။

ကိုကိုထွေး။ ။ ဟင် ဒါဖြင့် ကိုမြဒင်က ဘာ ကိစ္စ ဖေဖေ့ဆီ လာတာလဲ မသိဘူး။

ဦးထွန်းမင်း။ ။ ဘယ်က ကိုမြဒင်လဲ။

ကိုကိုထွေး။ ။ ဦးဖိုးလူကြီးရဲ့ သားလေ၊ ဖေဖေ သိတယ် မဟုတ်လား၊ မနှစ်ကတင် ဦးဖိုးလူကြီး ဖေဖေ့ကို ပြောလို့ စက်ထဲမှာ ခန့်လိုက်တယ်လေ၊ ခု သူ သပိတ်သမားတွေ ကိုယ်စားလှယ် အဖြစ် ဖေဖေနှင့် တွေ့ရအောင် ဆင်းလာတယ်။

ဦးထွန်းမင်း။ ။ ဟား ဒီကောင်လား၊ ဒီကောင် အလုပ်က ထုတ်ပစ်လိုက်ပြီးပြီ မဟုတ်လား။

ကိုကိုထွေး။ ။ ဟင် ထုတ်ပစ်လိုက်ပြီလား၊ မဟုတ်ဘူး ထင်တယ် ဖေဖေ၊ အလုပ်သမားတွေ ကိုယ်စားလှယ် မဟုတ်ဘဲနှင့်တော့ ဖေဖေ့

mgyoe.com

mgyoe.com
SAMPLE BOOK

ကို လာတွေ့ရဲမှာ မဟုတ်ဘူး ထင်တယ်၊ ခုတင် ကျွန်တော်နှင့် စကား ပြောခဲ့သေးတယ်၊ သပိတ် အလုပ်သမားတွေရဲ့ ကိုယ်စားလှယ် ဖြစ်ရုံနှင့် အလုပ်က ထုတ်ပစ်မယ် ဆိုရင်တော့ မကောင်းဘူး ထင်တယ် ဖေဖေ။

ဦးထွန်းမင်း॥ ॥ ဘာကွ၊ ဟင်း ဟုတ်လည်း ဟုတ်တဲ့ ကောင်တွေ၊ မင်းတို့ ခုခေတ် လူငယ်တွေဟာ အလုပ်သမား ဘ၀ မြှင့်တင်ရမယ်လေး လယ်သမား ဘ၀ မြှင့်တင်ရမယ်လေး ဘာလေး ညာလေးနှင့် အဓိပ္ပာယ် မရှိ အော်နေကြတာပဲ၊ အဖေ့ကိုလည်း မြေရှင်လေး အရင်းရှင်လေးနှင့် ရှုတ်ချသတဲ့လေ၊ ဟင်း.. ဟင်း.. အလုပ်သမား အကြောင်း ပြောတာကို ဖက်ရှင် လုပ်နေကြတယ်၊ ဟုတ်ပေ့ကွာ။

ကိုကိုထွေး॥ ॥ အဓိပ္ပာယ် မရှိ မဟုတ်ပါဘူး ဖေဖေ၊ အဓိပ္ပာယ် ရှိပါတယ်၊ ကျွန်တော်တို့ဟာ အလုပ်သမားတွေ လယ်သမားတွေကို ကိုယ်ချင်း စာနာကြဖို့ ကောင်းပါတယ်၊ အလုပ်သမားတွေ ဒီလို သပိတ် မှောက်ကြတာ၊ အခွင့်အရေး တောင်းကြတာဟာ အလုပ်သမားတွေရဲ့ စား၀တ်နေရေး ချောင်ချိအောင် လုပ်ကြတာပါ၊ တကယ်တော့ ကျွန်တော်တို့လို လူတွေဟာ အလုပ်သမားတွေရဲ့ သွေးတွေ ချွေးတွေနှင့် ကျွန်တော်တို့ ခြေထောက်တွေကို ဆေးဖို့ မကောင်းပါဘူး ဖေဖေ၊ သူများရဲ့ ပါးစပ်ပေါက်က လုယူလိုက်တဲ့ ထမင်းလုတ်ဟာလည်း ဘယ်တော့မှ စားလို့ မမြိန်ပါဘူး ဖေဖေ၊ ကျွန်တော်တို့ ဒီလို ပြောနေကြတာဟာလည်း ဖက်ရှင် လုပ်ပြီး ပြောနေကြတာ မဟုတ်ပါဘူး၊ စေတနာနှင့် ပြောကြတာပါ။

ဦးထွန်းမင်း॥ ॥ (ကိုကိုထွေးကို စိန်းစိန်း၀ါး၀ါး ကြည့်လျက်) ဟော့ တော်၊ ခွေးစကား မပြောနှင့်၊ ဒီ ထမင်းလုတ်ကို မင်း စားလာတာ ဘယ် နှနှစ် ရှိပြီလဲ၊ လောကကြီးနှင့် လူတွေ အကြောင်းကို မင်း ဘယ်လောက် သိလို့လဲ၊ နိုင်ငံရေး အကြောင်း မင်း ဘာ နားလည်သလဲ၊ ဘောဂဗေဒ အကြောင်းကော မင်း ဘာ နားလည်သလဲ၊ စာအုပ်ကော ဘယ် နှအုပ် ဖတ်ဖူးလို့လဲ၊ ဟင်း မင်းတို့ကများ ပြောရတယ် ရှိသေးတယ်၊ ငါလည်း ကျောင်း

mgyoe.com

mgyoe.com SAMPLE BOOK

သားတုန်းက ဒီလိုပဲ ပြောခဲ့တာပဲ၊ ဒါပေမဲ့ မင်းတို့ကတော့ နည်းနည်း လွန်တယ်လို့ ထင်တယ်၊ ထွီ။

ကိုကိုထွေး။ ။ (အနည်းငယ် အန်းသွားသည်။ သို့ရာတွင် မထူးဘူး ဆိုသည့် အနေဖြင့်) ပြီးတော့ ဒီ တစ်ခါ စက်ထဲမှာ ဒဏ်ရာ ရတဲ့ အလုပ်သမားတွေဟာ လျော်ကြေး တစ်ပြားမှ မရဘူးလို့လည်း ကြားတယ် ဖေဖေ။

ဦးထွန်းမင်း။ ။ (ဆတ်ခနဲ လှည့်ကြည့်၍) ဟော့ကောင်၊ တော်တော့လို့ ငါ ပြောနေတယ်၊ နောက်ထပ် ဘာမှ မပြောနှင့်တော့၊ (မမရီ ဘက်သို့ လှည့်၍) ခု ရီ့ သားက ရီ့ အတိုင်း ပါပဲလား ဟင်၊ ငါ မရှိတုန်း ပညာတွေ အသိတွေ တော်တော် တိုးနေပြီပေါ့ လေ၊ (တိုင်ကပ် နာရီကို လှမ်းကြည့်သည်။) ငါ ဧည့်သည် တစ်ယောက်နှင့် ချိန်းထားတယ်၊ အချိန် သိပ် မရှိတော့ဘူး၊ ဆယ် မိနစ်ပဲ လိုတော့တယ်၊ ကဲ ဘာ ပြောစရာ ရှိသလဲ၊ ဆို စမ်း။

ကိုကိုအေး။ ။ ကျွန်တော် ပြောစရာ ရှိပါတယ် ဖေဖေ။

ဦးထွန်းမင်း။ ။ အင်း ပြောစမ်း၊ ဘာလဲ။

ကိုကိုအေး။ ။ ကျွန်တော် မနက်ဖြန် သာယာဝတီကို သွားမလို့ ဖေဖေ။

ဦးထွန်းမင်း။ ။ မင်း ဂျပန် အင်ဂျင်နီယာဆီက စက် ပုံစံ စာရွက် ကူးပြီးပြီ လား၊ ပြီးတော့ ဆန်စက်သမား အသင်းချုပ်က လိုင်စင်ကော။

ကိုကိုအေး။ ။ အားလုံး ပြီးပါပြီ၊ ဒီ တစ်ခါတော့ ဖေဖေ ကျွန်တော့်ကို အစစ အရာရာ စိတ်ချပါ ဖေဖေ၊ ကျွန်တော် ကိုယ်တိုင် ကြီးကြပ် ပါ့မယ်။

ဦးထွန်းမင်း။ ။ တိုးလို့ တန်းလန်း လုပ်ပစ်ခဲ့လို့တော့ မရဘူးနော်၊ မင်း ကြီး ကြပ်မယ် ဆိုရင် ငါလည်း သိပ် လာကြည့်တော့မှာ မဟုတ် ဘူး၊ ပြီးတော့မှသာ ဟိုမှာ နေရတာ ဘာဖြစ်သလေး ညာဖြစ် သလေး ဆိုပြီး ရန်ကုန်ကိုချည်းပဲ ပြန် ပြန် မလာနှင့်၊ ငါက အလုပ် ဆိုရင် အလုပ်နှင့် တူမှ ကြိုက်တာ။

ကိုကိုအေး။ ။ စိတ်ချပါ ဖေဖေ၊ ကျွန်တော်လည်း ရန်ကုန်မှာ နေရတာ ငြီး ငွေ့ပါပြီ၊ ဒီ တစ်ခါတော့ ကျွန်တော် ဖိဖိစီးစီး လုပ်ပါ့မယ်။

ဦးထွန်းမင်း။ ။ (ခေတ္တ စဉ်းစားပြီးမှ) အေး ကောင်းပြီ၊ ဒါဖြင့် မင်း မနက်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြန့် သွား၊ ဟို ရောက်တော့မှ လုပ်ရမယ့် လုပ်ငန်း အသေးစိတ်တွေကို ငါ ဖုန်းနှင့် လှမ်းပြောမယ်။

မိချို ကြိမ် လက်ဖက်ရည်ခြင်းကို ကိုင်၍ ထမင်းစားခန်းဘက်မှ ထွက်လာသည်။

ကိုကိုထွေး။ ။ (ဆုတ်ဆိုင်းဆိုင်းဖြင့်) ဖေဖေ။

ဦးထွန်းမင်း။ ။ (တစ်ယောက် ပြီး၍ နောက်ထပ် တစ်ယောက်ထံမှ တောင်းဆိုချက် အသစ် တစ်ခု လာဦးမည်ကို ရိပ်မိလျက်) ဘာလဲ၊ မင်းက ဘာ တောင်းဆိုချက် တင်ဦးမလို့လဲ။

ကိုကိုထွေး။ ။ တောင်းဆိုချက်တော့ မဟုတ်ပါဘူး ဖေဖေ၊ ဖေဖေ့ကို အရေးကြီးတဲ့ ကိစ္စ တစ်ခု ပြောချင်လို့ပါ။

ဦးထွန်းမင်း။ ။ ဘာ ကိစ္စလဲ။

ကိုကိုထွေး။ ။ (ခေတ္တ ငိုင်နေပြီးမှ) ကျွန်တော့် ‥ ကျွန်တော့် အတွက် ရှေ့လျှောက် ကုန်ကျမယ့် စရိတ်ထဲက တစ်ဝက်ကို တခြားကို ခွဲပေးချင်လို့ပါ။

ဦးထွန်းမင်း။ ။ ဘာရယ်။

ကိုကိုထွေး။ ။ (အားတင်း၍) ကျွန်တော့် အတွက် ရှေ့လျှောက် ကုန်မယ့် ကျောင်း စရိတ်တွေထဲက တစ်ဝက်ကို‥။

မိချို လက်ဖက်ရည်ခြင်းကို ဦးထွန်းမင်းရှေ့ စားပွဲပေါ်သို့ တင်သည်။

ဦးထွန်းမင်း။ ။ မိချို (ကိုကိုထွေးသို့ လှည့်၍) မင်း ကိစ္စ ခဏ နေဦး၊ (မိချိုသို့ လှည့်၍) နင့် မမရီကို ဆေး တိုက်ဖို့ ငါ ပြောတာ တိုက်ပြီးပြီလား။

မိချို ။ ။ မိချို တိုက်ပါတယ် ဖေဖေကြီး။

ဦးထွန်းမင်း။ ။ ဘယ်မှာလဲ၊ ဆေးပန်းကန်ရော မမြင်ပါလား။

မိချို ဘာမျှ မပြောဘဲ မမရီကို ကြည့်နေသည်။

မမရီ ။ ။ (မိချို အဖြေရ ခက်နေပြီကို ရိပ်မိကာ) စောစောက မိချို ရှိကို လာတိုက်ပါတယ်၊ ဒါပေမဲ့ ရီ မသောက်လိုက်ဘူး။

ဦးထွန်းမင်း။ ။ ဘာဖြစ်လို့ မသောက်တာလဲ၊ (ခေတ္တ ရပ်နေသည်။ နောက် မိချိုသို့ လှည့်၍) ဘယ်မှာလဲ ဆေးခွက်နှင့် ဆေးပုလင်း။

မမရီ ။ ။ (ခပ်သွက်သွက်) စားပွဲ အောက်မှာ၊ ဆေးတွေ ရီ အသွန် ခိုင်းလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးထွန်းမင်း။ ။ (ဖြည်းလေးစွာဖြင့်) သွန်ပစ်လိုက်တယ်၊ တော်တော် ခက်တာပဲ၊ (မိချိုသို့ လှည့်၍) ကျန်သေးသလား မိချို။

မိချို ။ ။ ဟုတ်ကဲ့၊ နည်းနည်း ကျန်ပါသေးတယ် ဖေဖေကြီး။

ဦးထွန်းမင်း။ ။ သွား၊ ခု ယူခဲ့။

မမရီ ။ ။ (လက်ကာ၍) ရီတော့ တစ်စက်ကလေးဆို တစ်စက်ကလေးမှ မသောက်ဘူးနော်၊ ဆေးကလည်း ခါးလိုက်သမှ လွန်နေတာပဲ။

ဦးထွန်းမင်း။ ။ (အော်၍) သွားယူချည်လို့ ပြောနေတယ်။

မိချို စားပွဲဆီသို့ သွားကာ စားပွဲအောက် ဆေးပုလင်းထဲမှ ဆေးရည်ကို ပန်းကန်ထဲသို့ ငှဲ့သည်။

ကိုကိုထွေး။ ။ မေမေ မသောက်ချင်လည်း မသောက်ပါစေနှင့် ဖေဖေ၊ ဘာလို့ အတင်းအကျပ် တိုက်နေမလဲ။

ဦးထွန်းမင်း။ ။ ဟော့ကောင်၊ မင်း ဝင် ရှုပ်ပြန်ပြီလား၊ မင်းရော မင်းတို့ အမေရော ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဘာဖြစ်မှန်း သိတဲ့ဟာတွေ မဟုတ်ဘဲ၊ (မမရီဘက် လှည့်၍ ခပ်တိုတိုဖြင့်) ဟော့ ရီ၊ လာ သောက်လှည့်၊ ဒါလေး သောက်လိုက်ရင် သက်သာသွားလိမ့်မယ်၊ (ဘာလုပ်ရမှန်း မသိဘဲ ကြောင်၍ ရပ်နေသော မိချိုသို့ လှည့်၍) မိချို နှင့် မမကို ပေးလိုက်။

မမရီ ။ ။ (သဘော မတူချင် တူချင်ဖြင့်) ထားခဲ့၊ ထားခဲ့၊ ခဏနေတော့ သောက်မယ်။

မိချို ဆေးပန်းကန်ကို စားပွဲပေါ်တွင် တင်သည်။

ဦးထွန်းမင်း။ ။ (မကျေနပ်သေးဘဲ) သောက်မှာဖြင့် ခုသောက်လိုက်ပါကွ ရီရ။

မမရီ ။ ။ (မချုပ်တည်းနိုင်တော့ဘဲ) မိချို ယူသွားတော့၊ မသောက်ဘူး။

ဦးထွန်းမင်း။ ။ (ဒေါပွလာကာ) သောက်လိုက်လို့ ငါ ပြောနေတယ်၊ ဒီလို ခေါင်းမမာပါနှင့်ကွ၊ ကလေးတွေ ရှေ့မှာ ဒါမျိုး ဘယ်တော့မှ မလုပ်နှင့်၊ ငါ မကြိုက်ဘူး။

မမရီ ။ ။ (အသံ တုန်လျက်) ရီမှ မသောက်ချင်ဘဲ၊ ဘယ့်နှယ် လုပ်မလဲ။

ဦးထွန်းမင်း။ ။ ကိုကိုထွေး မင်း အမေကို ဆေးပန်းကန် ယူပေးလိုက်။

ကိုကိုထွေး။ ။ နောက်တော့ သောက်လိမ့်မပေါ့ ဖေဖေ။

ဦးထွန်းမင်း။ ။ (ဝါးစားတော့မလို ကြည့်လျက်) ယူပေးလိုက်လို့ ငါ ပြောနေတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုကိုထွေး ဆုတ်ဆိုင်းဆိုင်းဖြင့် ဆေးပန်းကန်ကို မမရီထံသို့ ယူလာသည်။

ဦးထွန်းမင်း။ ။ မင်း မေမေကို ဆေး သောက်ဖို့ ပြော။

ကိုကိုထွေး။ ။ (တုန်ယင်သော လက်များဖြင့် ဆေးပန်းကန်ကို ကိုင်ထားရင်း) သူ မသောက်ချင်ပါဘူးလို့ ပြောနေတာ ဘယ့်နှယ် လုပ်မလဲ ဖေဖေ။

ဦးထွန်းမင်း။ ။ ဟော့ကောင်၊ ငါ ပြောတာ လုပ်၊ ဒါပဲ။

ကိုကိုအေး။ ။ (ဦးထွန်းမင်း ရှေ့မှ ခေါင်း ငုံ့၍ ကိုကိုထွေးဆီသို့ သွားကာ လေသံဖြင့်) ဖေဖေ ခိုင်းသလို ပြောလိုက်လေကွာ မင်းက လည်း၊ တော်တော်ကြာ ဒေါပွ နေလိမ့်ဦးမယ်၊ သူ့ စိတ်လည်း သိသားနှင့်။

ကိုကိုထွေး။ ။ (မျက်ရည် လည်လျက် မမရီဘက် လှည့်ကာ) မေမေ၊ သောက်လိုက်ပါ မေမေ၊ ကျွန်တော့်ကို ငဲ့ပြီး သောက်လိုက်စမ်းပါ၊ မေမေ မသောက်ရင် ပြီးမှာ မဟုတ်ဘူး။

မမရီ ။ ။ (တိုးလျှိုးသံဖြင့်) ညနေကျမှ သောက်လို့ မဖြစ်ဘူးလား။

ဦးထွန်းမင်း။ ။ (တင်းမာသော အသံဖြင့်) ဟေ့ ရီ၊ အမေ တစ်ယောက် အနေနှင့် မင်းဟာ ကလေးတွေ ရှေ့မှာ ဒီလောက် ခေါင်းမာ မပြသင့်ဘူးလို့ ငါ ထင်တယ်၊ မင်း ကျန်းမာရေးကို မင်း မရှုမစိုက်ချင်ဘူး ထားဦး၊ အနည်းဆုံး ငါ့ စကားကို နားထောင်တယ် ဆိုတာ ကလေးတွေ ရှေ့မှာ နမူနာ ပြသင့်တယ်၊ မင်းကမှ သူတို့ ရှေ့မှာ ငါ့ စကားကို ဂရု မစိုက်ရင် သူတို့က ဘယ်မှာ ဂရုစိုက်တော့မလဲ ဟင်။

မမရီ ။ ။ (ဦးထွန်းမင်းဘက်မှ ကိုကိုအေးဘက်သို့ လှည့်ကာ ဆေးပန်းကန်ကို ကောက်ကိုင်လိုက်သည်။ နောက် ပြန်ချထားလိုက်ပြန်သည်။) ဟင့်အင်း ရီ မသောက်ချင်ဘူး။

ဦးထွန်းမင်း။ ။ ကိုကိုအေး၊ ဆေး သောက်ဖို့ မင်း မေမေကို ပြောစမ်း။

ကိုကိုအေး။ ။ ဖေဖေ၊ ကျွန်.. ကျွန်.. ကျွန်တော်။

ဦးထွန်းမင်း။ ။ ပြောစမ်းပါကွ၊ မပြောချင်ရင် မင်းကိုယ်တိုင် တိုက်၊ မင်းကိုယ်တိုင် မတိုက်ချင်ရင် ဆေး သောက်ဖို့ ကန်တော့ပြီး တောင်းပန်စမ်း။

mgyoe.com